# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ သောကြာနေ့ | အတွဲ (၅၈)၊ အမှတ် (၂၈၅)


# မြန်မာနိုင်ငံ၏ လူဦးရေသည် ၂၀၁၉ ခုနှစ်တွင် ၅၄ သန်းကျော်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ၅၉ သန်းကျော် ရှိမည်ဟုခန့်မှန်း

## နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် လူငယ်များ၏အင်အားကို ထိထိရောက်ရောက် ထည့်သွင်းအသုံးချရန်လိုအပ်

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၁၉ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အဖွင့်အမှာ စကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာဝင်းမြတ်အေး၊ နိုင်သက်လွင်နှင့် ဦးကျော်တင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သူနာပြုနှင့် သားဖွားဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs)နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စိန်ခေါ်မှုများရင်ဆိုင်နေရ**

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၇၇၀၀ ကျော်ရှိနေပြီး ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေသန်းပေါင်း ၈၅၀၀ ခန့်ရှိလာမည်ဟု ခန့်မှန်းထားပါကြောင်း၊ ဆင်းရဲသည့် နိုင်ငံများတွင် လူဦးရေလျင်မြန်စွာ တိုးပွားနေသောကြောင့် နောက်ဆက်တွဲ စိန်ခေါ်မှုများစွာကိုလည်း ရင်ဆိုင်နေကြရပါကြောင်း၊ လူဦးရေလျင်မြန်စွာ တိုးပွားလာခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးမှုပန်းတိုင်များကို အရောက်လှမ်းနိုင်ရန် အဟန့်အတားများထဲမှတစ်ခု ဖြစ်ပါကြောင်း။


*စာမျက်နှာ ၃ ကော်လံ ၁* ◆


ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၉ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

သတင်းစဉ်






**"အဓိက ဆောင်ရွက်ရမည့် ကဏ္ဍများသည် မျိုးဆက်ပွားကျန်းမာရေး၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျား၊ မ တန်းတူညီမျှမှု ရရှိရေးတို့ဖြစ်"**


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# ဂုဏ်သိက္ခာ ကြီးမြင့်ကြဖို့ . . .

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးကား မြန်မာနိုင်ငံသားတို့အတွက် ကြီးမြင့်လှပါသည်။ ထိုဂုဏ်ကျေးဇူးတို့အတွက် နိုင်ငံသားတို့ကလည်း အစဉ်လို အမှတ်ရ ကြည်ညိုမိကြပါသည်။

ဤသို့ ကြည်ညိုလေးမြတ်ကြရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်သိက္ခာရှိမှုကို အထူးတလည် ဖော်ထုတ်ကြလေ့ရှိ၏။ ဗိုလ်ချုပ်က တစ်ခေတ်တစ်ယောက်ဆိုသလို ခေါင်းဆောင်ကောင်းဖြစ်ခဲ့သူ ဖြစ်ပါသည်။

ယေဘုယျအားဖြင့် လောကလူ့ရွာတွင် လူတို့၏ ဂုဏ်ဟူသည် မိမိတာဝန်ယူဆောင်ရွက်သည့် အလုပ်ပေါ်မှာတည်၏။ မည်ရွေ့မည်မျှသော အလုပ်တာဝန်ကြီးကြီးကို တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်သည်လဲ ဟူသည့်ပေါ်တွင် မူတည်၍ ထိုသူတွင် ဂုဏ်ရှိ၏။ လိုတိုရှင်းဆိုရလျှင် အလုပ်ကို မှန်မှန်ကန်ကန်လုပ်သူ ဂုဏ်ရှိ၏။

ရာထူးအာဏာ တာဝန်ယူထားသူ ဆိုကာမျှနှင့် ဂုဏ်ကြီးသူ မဖြစ်သေး။ ထိုရာထူးအာဏာ တာဝန်တို့ကို မည်မျှ မှန်မှန်ကန်ကန် ကျေကျေပွန်ပွန် ဆောင်ရွက်သလဲဆိုသည့် အပေါ်မူတည်ကာ ဂုဏ်ကြီးသူ ဂုဏ်မြင့်သူအဖြစ် လူတို့က လေးစားရိုသေကြချေသည်။

အများသူငါအကျိုးငှာ လုပ်ငန်းတာဝန်ကြီးကြီးများကို ကျေပွန်အောင် ထမ်းဆောင်နိုင်သူများသည် ပို၍မြင့်မြတ် ကြီးကျယ်သော ဂုဏ်ရှိသူများ ဖြစ်လာလေသည်။ နိုင်ငံအကျိုး၊ အများပြည်သူအကျိုး ကမ္ဘာသူ ကမ္ဘာသားတို့၏အကျိုးကို ဆောင်ရွက်နိုင်သူများ၊ နိုင်ငံတကာနှင့်ယှဉ်သည့် လုပ်ငန်းလုပ်ဆောင် အောင်မြင်သူများသည် ဂုဏ်ကြီးသူများ ဖြစ်လာကြသည်။ ထိုသို့ဆောင်ရွက်နိုင်သူတို့ကို လူမှုဝန်းကျင်က ဂုဏ်ပြုကြ၏။ ထိုသို့သော ဂုဏ်ကြီးသူများအတွက် ဂုဏ်ယူကြ၏။ ဗိုလ်ချုပ်သည် ကျောင်းသားခေါင်းဆောင်ဘဝ၊ သခင်နိုင်ငံရေးသမားဘဝ၊ တပ်မတော်သားတပ်မတော်ခေါင်းဆောင်ဘဝ၊ နိုင်ငံရေးခေါင်းဆောင်ဘဝ အမျိုးသားခေါင်းဆောင်ဘဝ ဖြတ်သန်းခဲ့ရသမျှကာလများတွင် လွန်စွာတာဝန်ကျေပွန်ခဲ့သူ။

သူက သည်လို ဂုဏ်ကြီးမြင့်သည်သာမက ကျင့်ဝတ်ကို ကျကျနန စောင့်ထိန်းသည့် သိက္ခာအလွန်ရှိသူလည်းဖြစ်၏။ လူမှုအဖွဲ့အစည်းတွင် သာမန်လူတို့ထက်များစွာပိုမိုကာ သိက္ခာတော်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ကြသူများ၊ ကျင့်ကြံပြောဆိုကြသူများကို သိက္ခာကြီးသူများဟု သတ်မှတ်ကာ လေးစားကြည်ညိုကြကုန်၏။ သိက္ခာသည် စောင့်ထိန်းကျင့်ကြံမှုပေါ်တွင်တည်၏။ ဝတ်ဖြူစင်ကြယ် ခြုံထားရုံဖြင့် မြင့်မြတ်သည့်သိက္ခာတည်ပြီ ၊ သိက္ခာတော်တို့ဖြင့် ပြည့်ဝပြီဟူ၍ မရှိ။ သူတစ်ပါးကို ထိခိုက်နစ်နာမှုမရှိအောင် သီလကို စောင့်ထိန်းနိုင်ပါမှ၊ သူတစ်ပါးအကျိုးများစေသောငှာ ကျင့်ကြံပြောဆို လုပ်ကိုင်နိုင်ပါမှ၊ လူမှုအဖွဲ့အစည်းက ပြဋ္ဌာန်းသတ်မှတ်ထားသည့် ဓလေ့ထုံးတမ်း လိုက်နာရမည့်ကျင့်ဝတ်တို့နှင့်အညီ နေထိုင်ရှင်သန်နိုင်ပါမှ သိက္ခာကြီးသူ၊ မြင့်မြတ်သော သိက္ခာရှိသူဟု ဆိုရမည် ဖြစ်ပါ၏။ သီလသိက္ခာကြီးသူများသည် အမှန်တရားကိုသာ ပြောဆို၏။ မှန်ကန်စွာ သိမြင်ဖို့ ကြိုးစား၏။ မှန်ကန်စွာ တွေးတော၏။ မှန်ကန်စွာ ကျင့်ကြံဆောင်ရွက်ကြ၏။ ဗိုလ်ချုပ်အောင်ဆန်းက ဤသို့သော သီလသိက္ခာများကို စောင့်ထိန်းကာ နိုင်ငံအတွက် အောင်အောင်မြင်မြင် တည်ဆောက်သွားနိုင်ခဲ့သူလည်း ဖြစ်ခဲ့ပါသည်။

ဦးအောင်ဆန်းကဲ့သို့သော ဂုဏ်ရော သိက္ခာရောရှိသူများ၊ ဂုဏ်သိက္ခာမြင့်မားသူများ များပြားသည့် လူမှုအဖွဲ့အစည်းသည် အလိုလို ဂုဏ်သိက္ခာမြင့်မားလာသည်သာဖြစ်၏။ ထို့ကြောင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ လူမျိုးဂုဏ်၊ လူမျိုးသိက္ခာဟူ၍ ဂုဏ်ယူကြွေးကြော်နိုင်ရန်အတွက် ထိုလူမျိုး ထိုအဖွဲ့အစည်းတွင် အထက်၌ဆိုခဲ့သော ထိုဂုဏ် ထိုသိက္ခာတို့ အမှန်တကယ် ရှိရန်လို၏။

မိမိတို့ ရောက်ရာနေရာ၊ ယူထားသည့်တာဝန်ကို အမှန်တကယ် ကျေကျေပွန်ပွန် ဆောင်ရွက်ကြသည်လား၊ အမှန်တကယ် အောင်မြင်အောင် အားထုတ်ကြိုးပမ်းကြသည်လား။

မိမိတို့ စောင့်ထိန်းကြရမည့် သီလကျင့်ဝတ်များ ဥပဒေစည်းကမ်းများကို အမှန်တကယ် စောင့်ထိန်းလိုက်နာကြသည်လား၊ အမှန်တကယ် ကျင့်ကြံကြိုးကုတ်ကြသည်လားဟူသည်ကို ဆန်းစစ်ကြရန် လိုပါမည်။ ထိုဂုဏ်သိက္ခာတို့ဖြင့် ညီသောသူ အများစုရှိလာသည့် လူမျိုး၊ လူမှုအဖွဲ့အစည်းဖြစ်လာပါမှ နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာကြီးမြင့်သော လူမျိုးအဖြစ် တင့်တယ်နိုင်မည်ဖြစ်ပါသည်။

ဂုဏ်သိက္ခာကို အပေါ်ယံ ဟန်ပန်များဖြင့်မရ။ ရိုးဖြောင့်ဖြူစင်စွာ အများအကျိုးကို ဆောင်ရွက်နိုင်ခြင်း၊ သူတစ်ပါးကို နစ်နာမသွားအောင် စောင့်ထိန်းနိုင်ခြင်း၊ အမှန်တရားကို သိမြင် ပြောဆို ကျင့်ကြံခြင်းတို့ဖြင့် မိမိတို့၏ဂုဏ်သိက္ခာကို တိုးတက်ကြီးမြတ် ရိုသေလေးမြတ်ဖွယ်ဖြစ်အောင် ကြိုးစားနိုင်ကြပါစေသတည်း။ ။

# (၁၃)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့်အဖွဲ့ ဗန်ကောက်မြို့သို့ ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၁၁**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ယမန့်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

# e-Commerce for Trade Negotiators အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**




အာဆီယံ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) ၂၀၂၅ ပါ လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံမှ အခြားအာဆီယံနိုင်ငံများနှင့် လိုက်ပါအကောင်အထည်ဖော်ဆောင်ရာတွင် အထောက်အကူပြုပေးနိုင်ရန်အတွက် e-Commerce for Trade Negotiators အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

**အကျိုးကျေးဇူးများစွာရရှိစေနိုင်**

အလုပ်ရုံဆွေးနွေးပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက ယနေ့ ဆွေးနွေးပွဲသည် အာဆီယံဒေသတွင်းနှင့် မြန်မာနိုင်ငံတို့တွင် Digital နည်းပညာနှင့် e-Commerce ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် e-Commerce ၏ အခန်းကဏ္ဍကို မြှင့်တင်သွားနိုင်ရေး၊ Cross Border e-Commerce လုပ်ငန်းစဉ်များနှင့် အာဆီယံဒေသတွင်း ပေါင်းစည်းဆောင်ရွက်မှုများ မြှင့်တင်သွားနိုင်ရေးတို့ကို အထောက်အကူပြုနိုင်မည့် အကျိုးကျေးဇူးများစွာရရှိစေနိုင်သော ဆွေးနွေးပွဲတစ်ခုဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ Digital Economy ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ပြီး အာဆီယံဒေသတွင်း လုပ်ငန်းစဉ်များဖြစ်သည့် The Regional Comprehensive Economic Partnership (RCEP) နှင့် ASEAN Coordinating Committee on E-Commerce (ACCEC) အစီအစဉ်များတွင် အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်း၌လည်း Digital Economy Development Committee (DEDC) တွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

**တာဝန်ယူဆောင်ရွက်လျက်ရှိ**

အာဆီယံစီးပွားရေးအသိုက်အဝန်း (ACE) ၂၀၂၅ အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းကော်မတီတစ်ခုဖြစ်သည့် the ICT and e-Commerce Working Committee ကိုလည်း တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ပူးပေါင်းကျင်းပ**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် United Nations Conference on Trade and Development (UNCTAD) နှင့် အာဆီယံနှင့် အရှေ့စီးပွားရေး သုတေသနဌာန (Economic Research Institute for ASEAN and East Asia - ERIA)တို့ ပူးပေါင်းကျင်းပခြင်း ဖြစ်သည်။

ဆွေးနွေးပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ UNCTA၊ ERIA နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကမ္ဘာလုံးဆိုင်ရာ၊ အာဆီယံဒေသတွင်းဆိုင်ရာနှင့် မြန်မာနိုင်ငံတွင် ဒီဂျစ်တယ်နည်းပညာနှင့် e-Commerce ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် e-Commerce ၏ အခန်းကဏ္ဍ၊ Cross Border e-Commerce နှင့် ဒေသတွင်း ပေါင်းစည်းမှုတို့ကို မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**သတင်းစဉ်**

# မြန်မာ့အလှ၊ မြန်မာ့ယဉ်ကျေးမှုအခြေပြု ခရီးသွားမြှင့်တင်ရေးမှတ်တမ်း တရုတ်နိုင်ငံ ရုပ်သံလိုင်းအဖွဲ့ရိုက်ကူး

**ရန်ကုန် ဇူလိုင် ၁၁**

"မြန်မာ့အလှ ၊ မြန်မာ့ယဉ်ကျေးမှုအခြေပြု ခရီးသွားမြှင့်တင်ရေးမှတ်တမ်း" ကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၌ တရုတ်နိုင်ငံ ရှိန်ကျိန့်ရုပ်သံလိုင်းရိုက်ကူးရေးအဖွဲ့မှ ရိုက်ကူးမှုပြုလုပ်သည်။

ထိုသို့ရိုက်ကူးမှုကို နေပြည်တော်ကောင်စီနယ်မြေရှိ ပုဗ္ဗသီရိမြို့နယ် ရာဇဌာနီလမ်းတစ်လျှောက်နှင့် ပဒုမ္မာကြာပန်းအဝိုင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ရုံးရှေ့မျက်နှာစာတို့တွင် ရိုက်ကူးခြင်းဖြစ်ရာ သက်ဆိုင်ရာမှ ကူညီဆောင်ရွက်ပေးကြသည်။


မြန်မာ့အလှ ၊ မြန်မာ့ယဉ်ကျေးမှု အခြေပြု ခရီးသွားမြှင့်တင်ရေးမှတ်တမ်းအဖြစ် ဆူးလေဘုရားလမ်း လူကူးတံတားပေါ်တွင် ရိုက်ကူးနေစဉ်။

ထို့ပြင် ဇူလိုင် ၉ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ကန်တော်ကြီးဥယျာဉ်၊ အလုံမြို့နယ်မှ ဝိုက်တောဈေး၊ ရန်ကင်းမြို့နယ်မှ ကံဘဲ့ဘူတာ၊ ဒလမြို့နယ်မှ တံငါရွာတို့တွင် လည်းကောင်း၊ ဇူလိုင် ၁၀ ရက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ လူကူးတံတားပေါ်မှ မြို့အလှရှုခင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ရန်ကုန်ဘူတာကြီး၊ တရုတ်ယဉ်ကျေးမှုစင်တာ၊ ပြည်သူ့ရင်ပြင်၊ ရွှေတိဂုံဘုရားတို့တွင် လည်းကောင်း မှတ်တမ်းရိုက်ကူးခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ မဟာဂန္ဓာရုံကျောင်းတိုက်နှင့် မန္တလေးမြို့ ရှုခင်းများကိုလည်း ဇူလိုင် ၁၆ ရက်အထိ ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်းနှင့် ယင်းခရီးသွားမြှင့်တင်ရေး မှတ်တမ်းအစီအစဉ်ကို တရုတ်နိုင်ငံ ရှိန်ကျိန့်ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# အလုပ်လုပ်ပြပြီး ဂုဏ်ယူပါ

ဇာတိမာန်ကောင်းကောင်းထားတတ်ကြအောင် လုပ်ကြပါ။ ကိုယ့်နိုင်ငံ ကိုယ်ချစ်ပါ။ ကိုယ့်အမျိုး ကိုယ်ချစ်ပါ။ ဗမာတွေဟာ လူဖျင်းတွေ၊ လူပျင်းတွေ၊ လူကြောက်တွေ၊ လူပိုတွေ၊ လူရိုင်းတွေ၊ လူ့ခွစာတွေ၊ လူမတရားတွေ ဒီလိုကမ္ဘာမှာ အထင်ခံရအောင် မလုပ်ပါနဲ့။ ဗမာတွေဟာ ဒီလိုမဟုတ်ဘူးဆိုတာ အလုပ်လုပ်ပြပြီး ဂုဏ်ယူပါ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၄ ခုနှစ် မတ်လ ၁၃ ရက်နေ့ ဒုတိယပတ်ဗိုလ်သင်တန်းဆင်းပွဲမိန့်ခွန်းမှ ကောက်နုတ်ချက်)

◆ *ရှေ့ဖုံးမှ*

မိသားစုစီမံကိန်းရေးဆွဲဆောင်ရွက်ခြင်းဖြင့် လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို မြှင့်တင်ပေးနိုင်ပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျား၊ မ သာတူညီမျှရှိစေရေးစသည့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာစေရန်အတွက် များစွာထိရောက်စေမည်ဖြစ်ပါကြောင်း။

**လုပ်သားအင်အားရှားပါးလာ**

လက်ရှိကမ္ဘာ့နိုင်ငံများတွင် လူဦးရေဆုလာဘ် ရရှိနေသည့် နိုင်ငံများရှိသကဲ့သို့ လူဦးရေ တိုးပွားမှုနည်းလွန်းခြင်းကြောင့် သက်ကြီးလူဦးရေ များပြားလာပြီး လုပ်သားအင်အားရှားပါးလာမှု၊ လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးခွဲဝေသုံးစွဲမှု စသည့်ပြဿနာများကို ရင်ဆိုင်နေရသည့် နိုင်ငံများလည်း ရှိနေပါကြောင်း။

လူဦးရေဆုလာဘ်ကို အကျိုးရှိစွာ အသုံးချနိုင်မည်ဆိုပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားဖြည့်ပေးနိုင်ပါကြောင်း၊ ထို့ပြင် ရွှေ့ပြောင်းသွားလာနေထိုင်အလုပ်လုပ်ကိုင်မှု မြင့်မားနေခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ လူဦးရေပြောင်းလဲမှုတွင် အဓိကကျသည့် အကြောင်းအရာ တစ်ခုဖြစ်ပါကြောင်း။

ကမ္ဘာ့လူဦးရေသန်း ၅၀၀၀ ပြည့်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် ကုလသမဂ္ဂက သတ်မှတ်ပေးခဲ့ပြီး ၁၉၈၉ ခုနှစ်မှစပြီး ယခုလို အခမ်းအနားများ ကျင်းပလာခဲ့ပါကြောင်း၊ ကမ္ဘာနဲ့အဝန်း ကျင်းပနိုင်ရန်အတွက် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်များကို ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့က နှစ်စဉ်သတ်မှတ်ပေးခဲ့ရာ ယခုနှစ်ဆောင်ပုဒ်သည် ကတိကဝတ်များကို အရှိန်အဟုန်မြှင့်ဖြည့်ဆည်းလို့ (၂၅)နှစ်မြောက် ICPD ကိုဂုဏ်ပြုစို့ (25 years of the ICPD: Accelerating the promise) ဖြစ်ပါကြောင်း။

အဆိုပါ ဆောင်ပုဒ်သည် ယခုနှစ်နိုဝင်ဘာလတွင် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ကျင်းပပြုလုပ်မည့် (၂၅)နှစ်မြောက် လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံ အထိမ်းအမှတ် အခမ်းအနား၏ ဆောင်ပုဒ်လည်းဖြစ်ပါကြောင်း။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်၏ အဓိကဦးတည်ချက်သည် ၁၉၉၄ ခုနှစ်က အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ နိုင်ငံတကာညီလာခံ (International Conference on Population and Development – ICPD) က ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များကို ညီလာခံကျင်းပပြီးခဲ့သည့် (၂၅)နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်နိုင်မှုနှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်ရန်နှင့် အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ အဓိကဆောင်ရွက်ရမည့် ကဏ္ဍများသည် မျိုးဆက်ပွားကျန်းမာရေး၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျား၊ မ တန်းတူညီမျှမှုရရှိရေးတို့ပင် ဖြစ်ပါကြောင်း။



ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရှင်းလင်းတင်ပြစဉ်။



လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး **Mr. Knut Ostby** ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

**အကြိမ်(၃၀)မြောက်ဖြစ်**

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာလုံးဆိုင်ရာအနေဖြင့် ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံချင်းအနေဖြင့်ဖြစ်စေ အရေးတကြီး ဦးစားပေးဖြေရှင်းရမည့် လူဦးရေဆိုင်ရာအကြောင်းအရာများကို ဂရုပြုအာရုံစိုက်မိလာစေရန်နှင့် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လာစေရန် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ကျင်းပကြပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကို ၁၉၉၀ ပြည့်နှစ်က စတင်ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် အကြိမ်(၃၀) မြောက်ဖြစ်ပါကြောင်း။

မျိုးဆက်ပွားကျန်းမာရေးကဏ္ဍတွင် ကမ္ဘာလုံးဆိုင်ရာ အချက်အလက်များအရ ၁၉၉၄ ခုနှစ်တွင် ခေတ်မီသားဆက်ခြားနည်းလမ်းသုံးစွဲမှုနှုန်းသည် ၅၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၅၈ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း။

ဖွံ့ဖြိုးမှုအားနည်းသော နိုင်ငံများတွင်ရှိသည့် အမျိုးသမီးများ၏ ခေတ်မီသားဆက်ခြား နည်းလမ်းအသုံးပြုမှုသည် ၁၉၉၄ ခုနှစ်တွင် ၁၅ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၃၇ ရာခိုင်နှုန်းအထိ တိုးတက်သုံးစွဲလာသည့်အတွက် ကောင်းမွန်သည့် တိုးတက်မှုတစ်ခုပင် ဖြစ်ပါကြောင်း။

ထို့ပြင် ကလေးမွေးဖွားမှုနှုန်းတွင်လည်း ကမ္ဘာပေါ်တွင် ၁၉၉၄ ခုနှစ်က အမျိုးသမီးတစ်ဦးလျှင် ကလေး ၂ ဒသမ ၉ ဦးနှုန်းမွေးဖွားခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ကလေး ၂ ဒသမ ၅ ဦးနှုန်းအထိ ကျဆင်းလာခဲ့ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၁၉၉၄ ခုနှစ်၌ အမျိုးသမီးတစ်ဦးလျှင် ကလေး ၅ ဒသမ ၆ ဦးနှုန်း မွေးဖွားခဲ့ရာက ၂၀၁၉ ခုနှစ်တွင် ၃ ဒသမ ၉ ဦးနှုန်းအထိ သိသိသာသာ ကျဆင်းလာခဲ့ပါကြောင်း။

ထို့အတူ ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုနှုန်းကိုလည်း လျှော့ချနိုင်ခဲ့ပြီး ၁၉၉၄ ခုနှစ်၌ အရှင်မွေးကလေး တစ်သိန်းတွင် ကိုယ်ဝန်ဆောင်မိခင် ၃၆၉ ဦး သေဆုံးခဲ့ရာမှ ၂၀၁၅ ခုနှစ်၌ ကိုယ်ဝန်ဆောင်မိခင် ၂၁၆ ဦးခန့်သာ သေဆုံးသည်ကို တွေ့ရှိရပါကြောင်း။

**ထိထိမိမိအသုံးချ**

မြန်မာနိုင်ငံ၏ လူဦးရေဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ အနေဖြင့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များကို အခြေခံပြီး လူဦးရေခန့်မှန်းတွက်ချက်မှုအရ ၂၀၁၉ ခုနှစ်တွင် လူဦးရေ ၅၄ သန်းကျော်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ၅၉ သန်းကျော်ခန့် ရှိနိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊ လက်ရှိတွင် လူဦးရေဆုလာဘ်ကို ရရှိနေသည့်အတွက် ထိထိမိမိအသုံးချနိုင်ရန်နှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် လူငယ်များ၏အင်အားကို ထိထိရောက်ရောက် ထည့်သွင်းအသုံးချရန် လိုအပ်သကဲ့သို့ အနာဂတ်တွင် သက်ကြီးလူဦးရေ များပြားလာမည်ဖြစ်သည့်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် အားကောင်းလာစေရန် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံသည်ICPD တွင် စတင်လက်မှတ်ရေးထိုးချိန်မှစပြီး လုပ်ငန်းလမ်းညွှန်ချက်များကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ မိခင်သေဆုံးမှု လျော့ကျစေရေး ဆောင်ရွက်မှုအနေဖြင့် ၁၉၉၀ ခုနှစ်က အရှင်မွေးကလေးတစ်သိန်းတွင် မိခင်သေဆုံးမှု ၄၅၃ ဦး၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အရှင်မွေးကလေးတစ်သိန်းတွင် မိခင်သေဆုံးမှု ၂၈၂ ဦး ရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာအခြေခံအချက်အလက်စစ်တမ်းအရ အရှင်မွေးကလေးတစ်သိန်းတွင် မိခင်သေဆုံးမှု ၁၇၈ ဦးအထိ ကျဆင်းသွားသည်ကို တွေ့ရှိရပြီး ကိုယ်ဝန်ဆောင်မိခင်သေဆုံးနှုန်းအနေဖြင့် မြင့်မားနေဆဲဖြစ်သည်ကို တွေ့ရပါကြောင်း။

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို လက်လှမ်းမီစေရေးအတွက် မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသားအဆင့် လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားဆိုင်ရာ ကျန်းမာရေးနှင့် အခွင့်အရေးများ (Sexual and Reproductive Health and Rights) နှင့်စပ်လျဉ်းပြီး မူဝါဒများ ပြင်ဆင်ရေးဆွဲလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် သားဆက်ခြားကျန်းမာရေး စောင့်ရှောက်မှုနှင့် အမျိုးသမီးများ၏ ဘဝအဆင့်အတန်းမြှင့်တင်နိုင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် မိသားစုကျန်းမာရေးစီမံကိန်း ၂၀၂၀ (Family Planning 2020) ကို ၂၀၁၃ ခုနှစ်နိုဝင်ဘာလက ကတိကဝတ်ပြုခဲ့ပါကြောင်း၊ အိမ်ထောင်သည်အမျိုးသမီးများအတွင်း သားဆက်ခြားဆေးဝါး သုံးစွဲမှုနှုန်းသည် ၁၉၉၁ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ မြန်မာနိုင်ငံလူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာအခြေခံအချက်အလက် စစ်တမ်းအရ ၅၁ ရာခိုင်နှုန်းအထိ တိုးတက်လာသော်လည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါကြောင်း။

**ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်**

အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်အတွက် အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ယခုလက်ရှိ (၂၀၁၃ - ၂၀၂၂) စီမံကိန်းအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများအား နည်းမျိုးစုံနှင့် ခွဲခြားမှုဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်(CEDAW)ကိုလည်း ၁၉၉၇ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ *စာမျက်နှာ ၄ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး (၂၄/၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၂၄/၂၀၁၉) ကျင်းပစဉ်။ သတင်းစဉ်

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး ဆွစ်ဇာလန်ဖောင်ဒေးရှင်းတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး




**နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေး ဆွစ်ဇာလန်ဖောင်ဒေးရှင်းတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။**

သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဆွစ်ဇာလန်ဖောင်ဒေးရှင်း (Swiss Foundation For Development Cooperation-SWISSAID) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ SWISSAID မှ Country Representative, Ms. Claire Elizabeth Light နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အဖွင့်အမှာစကားပြောကြားပြီး SWISSAID မှ Country Representative က နားလည်မှုစာချွန်လွှာပါ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအမံများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် SWISSAID မှ Country Representative တို့က နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် SWISSAID တို့အကြား ပူးပေါင်း၍ ၂၀၀၁ ခုနှစ်မှ ယနေ့အချိန်အထိ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကဏ္ဍ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် Gender ကဏ္ဍ၊ လူထုအခြေပြု အသေးစားငွေစုလုပ်ငန်း၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း စသည့် လူထုအခြေပြု ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအဆင့် (၅) ဆင့်ကို SWISSAID ၏ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။

ယနေ့ လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအရ SWISSAID အနေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လူထုအခြေပြု ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆဋ္ဌမအဆင့်ကို ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အမေရိကန်ဒေါ်လာ သုံးသန်းကျော်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ စီမံကိန်းဒေသများရှိ မြို့နယ်ပေါင်း ၁၆ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၉၅ ရွာမှ ဒေသခံတိုင်းရင်းသားပြည်သူ ၃၄၃၆၀ တို့၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်းနှင့် အဆိုပါစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူအဆင့်ဆင့်က ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၃ မှ*

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈ - ၂၀၃၀) တွင် ကျား၊ မ နှင့် အမျိုးသမီးအခွင့်အရေးများကို ထည့်သွင်းထားသည်ကို ထင်ထင်ရှားရှား တွေ့ရမည်ဖြစ်ပါကြောင်း။

မျိုးဆက်ပွား ကျန်းမာရေး၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျား၊ မ တန်းတူညီမျှမှုရရှိရေး စသည့်ကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်နေသည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေသစ်များ ပေါ်ပေါက်လာနိုင်စေရန်နှင့် ရှိပြီးသည်များကိုလည်း လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပမှ ဆက်စပ်အဖွဲ့အစည်းများ ပါဝင်လာစေရေးအတွက် ဖိတ်ခေါ်ဆောင်ရွက်နေသကဲ့သို့ မိမိတို့အစိုးရဝန်ကြီးဌာနများကလည်း အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် မှတ်ယူဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ကတိကဝတ်များကို အရှိန်အဟုန်မြှင့် ဖြည့်ဆည်းလို့ (၂၅) နှစ်မြောက် ICPD ကိုဂုဏ်ပြုစို့ (25 years of the ICPD: Accelerating the promise) ဆောင်ပုဒ်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Knut Ostby က ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မိသားစုစီမံကိန်းနှင့် ပတ်သက်သည့် ဗီဒီယိုနှင့် ၂၀၁၉ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ဖြစ်သည့် ကတိကဝတ်များကို အရှိန်အဟုန်မြှင့် ဖြည့်ဆည်းလို့ (၂၅) နှစ်မြောက် ICPD ကိုဂုဏ်ပြုစို့ (25 years of the ICPD: Accelerating the promise) ဆောင်ပုဒ်နှင့် ပတ်သက်သည့် Animation Video Clip ကို ပြသသည်။




**လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ နိုင်ငံတကာညီလာခံမတိုင်မီအခြေအနေနှင့် ညီလာခံနောက်ပိုင်း မြန်မာနိုင်ငံ၏ ပြောင်းလဲသွားသောအခြေအနေများနှင့် ပတ်သက်၍ အမျိုးသမီးများ၊ လူငယ်များ၏ သဘောထားအမြင်များကို ဆွေးနွေးစဉ်။** သတင်းစဉ်

ယင်းနောက် Association of Francois-Xavier Bagnoud (AFXB Myanmar ) လူငယ်အဖွဲ့က ငွေရတုသဘင် ညီလာဆင်ကဗျာကို ရွတ်ဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ အခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပပြီး လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ နိုင်ငံတကာညီလာခံမတိုင်မီအခြေအနေနှင့် ညီလာခံနောက်ပိုင်း မြန်မာနိုင်ငံ၏ ပြောင်းလဲသွားသောအခြေအနေများနှင့် ပတ်သက်၍ အမျိုးသမီးများ၊ လူငယ်များ၏ သဘောထားအမြင်များကို ဆွေးနွေးခြင်း၊ မေးခွန်းများ မေးမြန်းခြင်းနှင့်၊ ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ရုံးအမှတ် (၅၄) နေပြည်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်ဌေးရည်၊ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသော ဦးတင်မောင်မြင့်၊ ဦးမြင့်ဝင်း၊ ဦးခင်မောင်ချို၊ ဒေါ်ခင်ဌေးကြွယ်၊ ဒေါ်လှမျိုးနွယ်၊ ဦးကျော်ဆန်းနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေါ်ပရိသတ်များက နေပြည်တော် မြင့်ထူးသာကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

**သတင်းစဉ်**



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေးရည်နှင့် ဒေါ်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေစဉ်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် တီမောလက်စ်တေနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေနိုင်ငံ သံအမတ်ကြီး Mr. Joao Freitas de Camara အား ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ နိုင်ငံတကာ ခရီးသည်များ လွယ်ကူစွာ သွားလာလည်ပတ်နိုင်စေရန်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဗီဇာဖြေလျှော့ပေးထားမှု၊ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ခြင်းနှင့် ခရီးစဉ်ဒေသများကို နိုင်ငံတကာသို့ မြှင့်တင်ကြော်ငြာနိုင်ရေးအတွက် Digital Marketing လုပ်ငန်း ဆောင်ရွက်နေမှု၊ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှု ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Stephan Sakalian နှင့် အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် စိုက်ပျိုးရေးကဏ္ဍနှင့် ဆက်နွယ်သော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ၊ ICRC မှ ဖွင့်လှစ်မည့် တိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းအစီအစဉ်တွင် မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်တွင် ဆောင်ရွက်မည့် FMD ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ICRC မှ စီမံကိန်းဆောင်ရွက်လိုသော ဒေသများ၏ အစိုးရအဖွဲ့တို့ထံမှ သဘောထားများနှင့် ရခိုင်ပြည်နယ်အတွက် ဖွဲ့စည်းထားသောကော်မတီများ၏ သဘောထားများ ရယူရေး၊ စီမံကိန်းဆောင်ရွက်ရေးအတွက် နှစ်ဖက် RoD လက်မှတ်ရေးထိုးနိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးကျော်လင်း ကလောမြို့တွင်းလမ်းများအား ကတ္တရာကွန်ကရစ်ခင်းခြင်း၊ ကျေးလက်လမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် အဖွဲ့သည် ဇူလိုင် ၁၀ ရက်တွင် ကလောမြို့တွင်းလမ်း (၄)လမ်း ၅၇၄၂ ပေအားလမ်းအထူးအဖွဲ့ (၄)မှ တာဝန်ယူ၍ ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ နာရီစင်အနီးတွင် လမ်းအရည်အသွေးထိန်းသိမ်းရေး (QC) အဖွဲ့မှ Quality Control လုပ်ငန်းဆောင်ရွက်မှုများ မှတ်တမ်းတင်ထားရှိမှုနှင့် ကတ္တရာကွန်ကရစ်ခင်းရန် ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေသော ပင်မိဂေါက်ကလပ်မှ အိုင်ယား-ငုံးသုံ-ကမ္ဘားနီ-ပေါတုတ် - သရက်ပု - ဆူးပန်းအင်း-ဘော်နှင်း- ဟဲဟိုးလမ်းတို့၏ ကတ္တရာခင်းခြင်းလုပ်ငန်းများ၊ ဆူးပန်းအင်းကျေးရွာအနီး ဂျာမနီနိုင်ငံ KfW အကူအညီဖြင့် ကတ္တရာလမ်းခင်းထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တောင်ကြီးမြို့တွင် အဆောက်အဦအထူးအဖွဲ့ (၁၁)မှ တည်ဆောက်နေသော အမျိုးသမီးနှင့် ကလေးဆေးရုံအဆောက်အဦ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဦးစီးရုံးတွင် ဒေသဦးစီးမှူး ဦးခွန်စံလွင်၊ တရုတ်နိုင်ငံ C.H.E.C Co.,Ltd မှ တာဝန်ရှိသူများနှင့် ဝတစ်လုံးလိုဏ်ဂူ တည်ဆောက်ရန်ကိစ္စကို ဆွေးနွေးကြရာ ပထမဦးစွာ လွိုင်လင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်မြင့်က ဝတစ်လုံး လိုဏ်ဂူဆိုင်ရာ အချက်အလက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လိုဏ်ဂူစတင်ဆောင်ရွက်ရန် လျာထားသည့်နေရာကို တောင်ကြီး-ဟိုပုံး-လွိုင်လင်လမ်းအပိုင်း မိုင်တိုင် ၁၆၅/၀ တွင် လည်းကောင်း၊ လိုဏ်ဂူအဆုံးနေရာအား မိုင်တိုင် ၁၆၈/၀ တွင် လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုဏ်ဂူတည်ဆောက်ရေး Site Investigation လုပ်ငန်း ဆောင်ရွက်ရန်အတွက် C.H.E.C ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဌာနမှ ဒေသခံအင်ဂျင်နီယာများ ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

# လက်တစ်ကမ်းအဖြေ



**သိန်းထွန်း ( IR )**

**သမိုင်းတန်ဖိုး**

အာဇာနည်နေ့ဆိုသည်မှာ မြန်မာ့လွတ်လပ်ရေးအတွက် ကိုယ်ကျိုးမဖက် နိုင်ငံအတွက်ကြိုးပမ်းရင်း တစ်မျိုးသားလုံးအတွက် အသက်ပေးခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးခဲ့ရသူများကို ရည်ညွှန်းကြောင်း အားလုံးသိပြီး ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာပင် ( ၇၂ ) နှစ်တိုင်ခဲ့ပြီလည်း ဖြစ်သည်။ အာဇာနည်ကြီးများ ကျဆုံးခဲ့ကြသည့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ မတိုင်မီကာလနှင့် ယင်းနေ့ နောက်ပိုင်းကာလတို့ကို နှိုင်းချိန်ပါက ရရှိလာသော နိုင်ငံ၏ကွာဟချက်အခြေအနေတို့သည် အာဇာနည်ခေါင်းဆောင်ကြီးများ၏ သမိုင်းတန်ဖိုးများပင် ဖြစ်ပေလိမ့်မည်။

အာဇာနည်ကြီးများ သို့မဟုတ် လွတ်လပ်ရေးခေါင်းဆောင်ကြီးများသည် မြန်မာ့နိုင်ငံသမိုင်းတွင် မကြုံခဲ့ဖူးသည့် သူ့ကျွန်ဘဝကို တွန်းလှန်နိုင်ခဲ့သည်မှာ သမိုင်းတန်ဖိုးဟု ဆိုပါလျှင် ယင်းသမိုင်းတန်ဖိုးများကို ယနေ့မိမိတို့အတွက် အတွေ့အကြုံနှင့်သင်ခန်းစာများကို ဖော်ထုတ်ကျင့်သုံးရန် လိုအပ်မည်ဟု ယုံကြည်မိပါသည်။

အတွေ့အကြုံ၊ သင်ခန်းစာယူကြရာတွင် ကိုယ်တွေ့အတွေ့အကြုံ သင်ခန်းစာ၊ တစ်ဆင့်ခံအတွေ့အကြုံ သင်ခန်းစာ စသည်ဖြင့် အတွေ့အကြုံ သင်ခန်းစာရယူနိုင်သည့် နည်းလမ်းများရှိပြီးဖြစ်ရာ မည်သို့ပုံစံဖြင့် သင်ခန်းစာယူကြမည်နည်း။ ယခင်က အတွေ့အကြုံသင်ခန်းစာကို ယူခြင်းအားဖြင့် အရင်းအနှီးအနည်းဆုံးနှင့် တိုးတက်မှုကို ရနိုင်ပါသည်။ ကိုယ်တွေ့အတွေ့အကြုံဆိုသည်က အရင်းအနှီးများတတ်သကဲ့သို့ စွန့်စားရတတ်သည့် သဘောများလည်း ရှိတတ်ကြပါသည်။ သို့ဖြစ်ရာ အတွေ့အကြုံသင်ခန်းစာ ရယူလိုသူများတွင်လည်း ကိုယ်တိုင်အတွေ့အကြုံရှာလိုသူ သို့မဟုတ် ယခင်အတွေ့အကြုံမှတစ်ဆင့် တိုးတက်လိုသူ စသည်ဖြင့် ကွဲပြားမှုများရှိနေပါသည်။ တစ်ဦးတစ်ယောက်တည်း၏ စွန့်စားလိုမှု၊ ဖန်တီးလိုမှုအတွက် ဆိုစရာစကားမရှိသော်လည်း အများနှင့်ဆိုင်သော အထူးသဖြင့် နိုင်ငံနှင့် ဆိုင်သော အရေးကိစ္စများတွင်မူ အတွေ့အကြုံ၊ သင်ခန်းစာနှင့် သမိုင်းကြောင်းတို့ကို ထည့်သွင်းစဉ်းစားကြရမည် ဖြစ်ပါသည်။ အတွေ့အကြုံအားလုံးကို လက်ခံရမည်ဟု မဆိုလိုသော်လည်း မိမိတို့နိုင်ငံအတွက် လိုအပ်မည့်၊ ကိုက်ညီမည့်အချက်များကိုမူ လက်ခံကျင့်သုံးကြရမည် ဖြစ်သည်။ သို့မှသာ ထပ်ခါထပ်ခါ မှားတတ်သော အမှားသံသရာကို ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။ ထိုသို့ သင်ခန်းစာဖော်ထုတ် ရယူကြရာတွင်လည်း လူတစ်ဦးနှင့်တစ်ဦးအကြား တန်ဖိုးထားမှုနယ်ပယ်၊ ကျွမ်းကျင်မှုနယ်ပယ်၊ အသိပညာရေချိန်၊ ပတ်ဝန်းကျင်၏လွှမ်းမိုးမှုများအပေါ် မူတည်၍ ကွဲပြားနိုင်ပါသည်။

**အခြေခံအကြောင်းတရား**

အာဇာနည်နေ့ ဘာကြောင့်ဖြစ်လာရသလဲဆိုသည်ကို စဉ်းစားမိပါသည်။ အဖြေမှာ ရိုးရိုးရှင်းရှင်းပင် ဖြစ်ပေလိမ့်မည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ လွတ်လပ်ရေး ဦးဆောင်သူများကို နိုင်ငံတော်သစ္စာဖောက် ဂဠုန်ဦးစောနှင့် အပေါင်းပါများက လုပ်ကြံသတ်ဖြတ်ခြင်းကြောင့်ဟု ဖြေကြပါလိမ့်မည်။ ထိုသို့ဆိုပါက အာဇာနည်ခေါင်းဆောင်ကြီးများကို ဂဠုန်ဦးစောက မည်သည့်အကြောင်းကြောင့် လုပ်ကြံခဲ့သနည်း။ လုပ်ကြံခြင်း၏ နောက်ကွယ်တွင် ကြိုးကိုင်နေသူက မည်သူဖြစ်သနည်း။ မြန်မာလူမျိုးအချင်းချင်း မည်သည့်အတွက် လုပ်ကြံခဲ့ကြသနည်း။ အာဇာနည်ကြီးများ လုပ်ကြံခံရပြီးနောက် လုပ်ကြံသူဂဠုန်ဦးစော၏ ရည်ရွယ်ချက် ပြည့်မြောက်သွားပါသလား။ ယင်းလုပ်ကြံမှုအပြီးတွင် မည်သူတွေ ဆုံးရှုံးပြီး မည်သူတွေအကျိုးရှိခဲ့ပါသနည်း။ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက် ယနေ့အထိ မြန်မာနိုင်ငံ၏ အခြေအနေ စသည့်စသည့် မေးခွန်းများ၊ အဖြေများ၊ ထပ်ဆင့်မေးခွန်းများနှင့် စဉ်းစားရမည့်အချက်များကို ဆက်စပ်ကြည့်မည်ဆိုပါက အာဇာနည်နေ့ဆိုသည့် ဝမ်းနည်းဖွယ်ရာနေ့တစ်နေ့၏ နောက်ကွယ်တွင် မိမိတို့အားလုံးအတွက် သင်ခန်းစာယူဖွယ်များကို မြင်တွေ့ကြရပါလိမ့်မည်။

အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်ပေါ်သောလောကနိယာမတွင် အကြောင်းတရားကို မရှာဖွေနိုင်သရွေ့ သို့မဟုတ် အကြောင်းတရားကို မျက်ကွယ်ပြုထားသရွေ့ အနာဂတ်သို့ တက်လှမ်းရန်နှင့် သံသရာမှ ရုန်းထွက်ရန် ခက်ခဲနေဦးမည်ဖြစ်သည်။ မည်သူမပြု မိမိမှုဆိုသကဲ့သို့ပင် ကိုယ့်ကံကြမ္မာဖန်တီးရေးသည် မိမိကိုယ်တိုင်ပင် မဟုတ်ပါလား။ သို့ဆိုပါလျှင် မည်သို့သော ကံကြမ္မာကို ဖန်တီးကြမည်နည်း။ အလုပ်ဖြင့် သက်သေပြကြရပါလိမ့်မည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံအတွက် အလုပ်ဖြင့် သက်သေပြခဲ့ပြီးဖြစ်သည်။

**ညီညွတ်ရေး**

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် တိုင်းရင်းသားအားလုံး စည်းလုံးရေးသည် အဓိကဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများကို လေ့လာခြင်းဖြင့် သိရှိနိုင်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏လွတ်လပ်ရေး ကြိုးပမ်းမှုတစ်လျှောက်တွင် အမျိုးသားညီညွတ်ရေးကို တစ်စိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ လွတ်လပ်ရေး ရရှိခဲ့ခြင်း၏ အရင်းခံအကြောင်းတရားသည်လည်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပင်ဖြစ်သည်ကို တွေ့ရပါသည်။ အချိန်တိုအတွင်း တစ်မျိုးသားလုံး၏ ညီညွတ်ရေးရရှိစေသည့် ပင်လုံသဘောတူစာချုပ် ချုပ်ဆိုနိုင်ခြင်းမှာ ဗိုလ်ချုပ်အောင်ဆန်း၏ ထူးခြားလှသော အရည်အချင်းနှင့်စိတ်ဓာတ်ကို တွေ့မြင်ရပါသည်။

၂၃.၁.၄၆ ရက်နေ့ ဖ ဆ ပ လ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက ညီညွတ်ရေးအဆိုကို အကျယ်တဝင့် ရှင်းလင်းခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း အဆိုတင်သွင်းခဲ့သည့် ပြောကြားချက်အချို့ကို ကောက်နုတ်ဖော်ပြလိုပါသည်။ “အဲဒီလို ပဋိညာဉ်ပေးထားတဲ့အတိုင်း ခုဒီညီညွတ်ရေးအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ကာ လွတ်လပ်ရေးလုပ်တဲ့ကိစ္စမှာ တစ်တိုင်းတစ်ပြည်လုံးသွေးစည်းပြီး စည်းစည်းလုံးလုံး အလုပ်လုပ်မှ ဖြစ်နိုင်မှာမို့ပဲ။ ဒီလိုမလုပ်ရင် ညီညွတ်ရေးမရဘူးဆိုလို့ရှိရင် ညီညွတ်ရေးကို ပျက်ရာ ပျက်ကြောင်း လုပ်တဲ့လူတွေ ကျွန်တော်တို့ ကိုယ်တိုင်က ညီညွတ်ရေးကို ဖြစ်မြောက်အောင် တတ်နိုင်သမျှ ရွက်ဆောင်ခြင်းမရှိရင် ခုနတိုင်းပြည်အတွက်၊ လူမျိုးအတွက် အင်မတန်အသက်စွန့်စားပြီး လုပ်ကိုင်ဆောင်ရွက်သွားကြတဲ့ လူတွေကို သစ္စာဖောက်ရာ မလေးစားရာ ကျမှာမို့လို့ ဒီညီညွတ်ရေးအဆိုကို ကျွန်တော်တင်သွင်းခြင်း ဖြစ်ပါတယ်။”

မြန်မာပြည်သည် အာဏာပိုင် တိုင်းပြုပြည်ပြု လွှတ်တော်ကြီးခေါ်၍ ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့်ရှိသော အခြေအနေသို့ဆိုက်ရောက်အောင် ( ဝါ ) လွတ်လပ်ရေးရအောင် အလိုဆုံးသော အရာမှာ ညီညွတ်ရေးပင်ဖြစ်ကြောင်း၊ ညီညွတ်ရေးသည် တူညီသော အကျိုး၊ တူညီသောအလုပ်နှင့် တူညီသော ရည်ရွယ်ချက်တို့တွင် အခြေပြုရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ( ရည်ညွှန်း။ စာပေဗိမာန်မှ ထုတ်ဝေသော ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများ ၁၇.၃.၄၅ မှ ၁၉.၇.၄၇ အထိစာအုပ် ) အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းထားရှိသော စိတ်ရင်းစေတနာ၊ ယုံကြည်မှုနှင့် ကြိုးပမ်းမှု၊ လက်တွေ့အကောင်အထည်ဖော်နိုင်မှုအဖြစ် မြင်တွေ့ရပါသည်။ ထို့အတူ ညီညွတ်ရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမ၌ ပြောသောမိန့်ခွန်းတွင် အောက်ပါအတိုင်း တဲ့တိုးပြောကြားခဲ့ပါသည်။

“တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး၊ စားဖားသမားတွေ ညီညွတ်တာ ကျွန်တော် မလိုချင်ဘူး။ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး တိုင်းသူပြည်သား လူထုညီညွတ်ရေး အဲသည့် ညီညွတ်ရေးနှစ်ခု မရှိသမျှကာလပတ်လုံး ဒီတိုင်းပြည်က လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း ဘယ်ပါတီတက်တက် ဘယ်အစိုးရလုပ်လုပ် - ၁သည် တိုင်းပြည်ဖြစ်နေမှာပဲလို့ ကျွန်တော် ပြောချင်တယ်။ အဲသည်တော့က အဲသည်နှစ်ခုကို ခင်ဗျားတို့ မပျက်ပြားပါစေနဲ့။ ဘယ်သူမှ အလုပ်လုပ် မပျက်ပါစေနဲ့။ အဲဒါ အင်မတန် အရေးကြီးပါတယ်။”

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများသည် ယနေ့ထက်တိုင် နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီနေဆဲဖြစ်သည်ကို တွေ့ရပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် မြော်မြင်ပြောဆို လုပ်ကိုင်ခဲ့သည်များမှာ ယနေ့မိမိတို့အားလုံးအတွက် လေ့လာရုံ၊ သိရှိရုံ၊ လက်ဆင့်ကမ်းရုံထက်ပိုသော လက်တွေ့ကျင့်သုံးနိုင်ရန် လိုအပ်မည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အတွေး၊ အပြော၊ လုပ်ရပ်တို့ မှန်ကန်၍ တစ်ထပ်တည်းကျနေသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့ပါသည်။ ထိုယုံကြည်မှုကြောင့်လည်း အချိန်တိုကာလအတွင်း ပြည်ထောင်စုသားတိုင်းရင်းသားအားလုံး၏ စုစည်းညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ သို့ဖြစ်ရာ နိုင်ငံ့လွတ်လပ်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရည်ကိုယ်သွေး၊ ခေါင်းဆောင်မှု၊ တွေးခေါ်မြော်မြင်နိုင်စွမ်းနှင့် နိုင်ငံရေးယဉ်ကျေးမှု အဆင့်အတန်းစသည့် ထူးကဲအရည်အချင်းများသည်လည်း မိမိတို့အတွက် အတုယူစရာများပင် ဖြစ်သည်။

> **“ဗိုလ်ချုပ်အောင်ဆန်း မည်သို့သောအကြောင်းတရားများဖြင့် လွတ်လပ်ရေးရယူပေးနိုင်ခဲ့သည်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အချိန်တိုအတွင်း တည်ဆောက်နိုင်ခဲ့သည်၊ သမိုင်းဝင် အမျိုးသားခေါင်းဆောင်ကြီးဖြစ်ခဲ့သည် ဆိုသည့်အဖြေများသည် လက်တစ်ကမ်းတွင် ရှိနေပါသည်။ တစ်ဦးချင်းစီ၏ နိုင်ငံရေးယဉ်ကျေးမှုတို့သည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးစနစ်အပေါ် အကျိုးသက်ရောက်လျက်ရှိရာ နိုင်ငံရေးယဉ်ကျေးမှုတိုးတက်ခြင်းနှင့်အတူ မြင့်မားသော နိုင်ငံရေးစနစ်တစ်ရပ် ရရှိနိုင်မည်ဖြစ်ပါသည်။ ပြောင်းပြန်အားဖြင့် မြင့်မားသော နိုင်ငံရေးစနစ်တစ်ရပ် တည်ထောင်မည်ဆိုပါက တစ်ဦးချင်း သို့မဟုတ် လူထု၏ နိုင်ငံရေးယဉ်ကျေးမှုမြင့်မားရန် လိုအပ်မည်ဖြစ်”**

**နိုင်ငံရေးယဉ်ကျေးမှု**

ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးကျင်လည်သည့် အချိန်ကာလသည် ရာစုနှစ်အားဖြင့် ၁၉ ရာစုအတွင်း ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝ၊ သခင်ဘဝ၊ စစ်သားဘဝ၊ နိုင်ငံရေးသမားဘဝဖြင့် လွတ်လပ်ရေးကြိုးပမ်းနေစဉ်အချိန်က နိုင်ငံရေးသိပ္ပံတွင် နိုင်ငံရေးယဉ်ကျေးမှုဆိုသည့် စကားရပ်အား အသုံးမပြုသေးသည်ကို တွေ့ရသည်။ သို့သော်လည်း ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းသားဘဝ စတင်ခဲ့သည့် ၁၉၃၄ မှ ကျဆုံးခဲ့သည့် ၁၉၄၇ ခုနှစ် အထိ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးယဉ်ကျေးမှု အဆင့်အတန်းသည် ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေးယဉ်ကျေးမှုအဆင့်အတန်းထက် များစွာသာလွန်နေသည်ကို တွေ့ရသည်။ နိုင်ငံရေး ယဉ်ကျေးမှုသဘော၏ အခြေခံများနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးယဉ်ကျေးမှု လက်တွေ့များကို ချိန်ထိုးကြည့်မိပါသည်။

နိုင်ငံရေးယဉ်ကျေးမှုဆိုသည့် အယူအဆကို ၁၉၅၆ ခုနှစ်တွင် အမေရိကန်နိုင်ငံရေး သိပ္ပံပညာရှင် Gabriel Almond က သူ၏ Comparative Political System တွင် စတင် အသုံးပြုရေးသားခဲ့သည်။ နိုင်ငံရေးယဉ်ကျေးမှုတွင် နိုင်ငံရေးစနစ်နှင့် ပတ်သက်သည့် ပြည်သူများ၏ ယုံကြည်မှုသဘောထားများနှင့် ရပ်တည်ချက်များ ပါဝင်သည်ဟု ဆိုပါသည်။ နိုင်ငံရေးယဉ်ကျေးမှုသည် နိုင်ငံရေးစနစ်တစ်ခုအတွင်း ပါဝင်နေသူများအကြား လူတစ်ဦးချင်းစီက နိုင်ငံရေးအပေါ်ထားရှိသည့် သဘောထားများနှင့် ရပ်တည်ချက်များ ဖြစ်သည်ဟု Almond & Powell က ဆိုပါသည်။

နိုင်ငံရေးယဉ်ကျေးမှုတွင် လူတစ်ဦးချင်းစီ၏ သဘောထားနှင့် အလေ့အကျင့် ပါဝင်ပါသည်။ ယင်းသဘောထားနှင့် အကျင့် စရိုက်တို့သည် ၎င်းတို့၏ နိုင်ငံရေးအပြုအမူများအပေါ် ထင်ဟပ်လျက်ရှိသည်။ ယင်းတွင် ကောင်းမွန်သော လူမှုဝန်းကျင်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် ကျင့်ဝတ်ဆိုင်ရာ အဆုံးအဖြတ်များ၊ နိုင်ငံရေးစိတ်ကူးများ၊ ယုံကြည်ချက်များနှင့် အတွေးအခေါ်များ ပါဝင်ပါသည်။ နိုင်ငံရေးယဉ်ကျေးမှုများသည် လူထု၏ နိုင်ငံရေးအယူအဆများနှင့် လုပ်ဆောင်မှုများအပေါ် လွှမ်းမိုးလျက် ရှိပါသည်။ သို့ဖြစ်ရာ ပြည်သူများ၏ ဘဝများအတွက် အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ယင်းတို့သည် ပြည်သူများ၏ အမြင်များ၊ ၎င်းတို့၏ တန်ဖိုးများ၊ စိတ်နေစိတ်ထားများ၊ မျှော်လင့်ချက်များ၊ သစ္စာရှိမှုများ၊ စိုးရိမ်မှုများနှင့် ကြောက်ရွံ့မှုများအပေါ် လွှမ်းမိုးနေပါသည်။ သို့ဖြစ်ရာ ပြည်သူများနှင့် အလုပ်လုပ်ကိုင်ရာတွင်ဖြစ်စေ၊ ဆက်ဆံရေးတည်ဆောက်ရာတွင်ဖြစ်စေ နိုင်ငံရေးယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးလှပါသည်။

**လက်တစ်ကမ်းအဖြေ**

ဗိုလ်ချုပ်အောင်ဆန်း မည်သို့သော အကြောင်းတရားများဖြင့် လွတ်လပ်ရေး ရယူပေးနိုင်ခဲ့သည်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အချိန်တိုအတွင်း တည်ဆောက်နိုင်ခဲ့သည်၊ သမိုင်းဝင်အမျိုးသားခေါင်းဆောင်ကြီး ဖြစ်ခဲ့သည်ဆိုသည့် အဖြေများသည် လက်တစ်ကမ်းတွင် ရှိနေပါသည်။ တစ်ဦးချင်းစီ၏ နိုင်ငံရေးယဉ်ကျေးမှုတို့သည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးစနစ်အပေါ် အကျိုးသက်ရောက်လျက်ရှိရာ နိုင်ငံရေးယဉ်ကျေးမှုတိုးတက်ခြင်းနှင့်အတူ မြင့်မားသော နိုင်ငံရေးစနစ်တစ်ရပ် ရရှိနိုင်မည်ဖြစ်ပါသည်။ ပြောင်းပြန်အားဖြင့် မြင့်မားသော နိုင်ငံရေးစနစ်တစ်ရပ် တည်ထောင်မည်ဆိုပါက တစ်ဦးချင်း သို့မဟုတ် လူထု၏ နိုင်ငံရေးယဉ်ကျေးမှုမြင့်မားရန် လိုအပ်မည်ဖြစ်သည်။

လူဆိုသည်မှာ အစွဲကင်းသည်တော့ မဟုတ်။ ယုံကြည်ချက်၊ ခံယူချက်များလည်း တစ်ဦးနှင့်တစ်ဦး ထပ်တူကျမတူညီနိုင်။ ယင်းသည် သဘာဝပင် ဖြစ်သည်။ သို့သော် အရှိတရားကို မျက်ကွယ်ပြုနေခြင်း၊ အစွဲကြီးသော အမြင်ကျဉ်းမြောင်းမှု၊ ဓမ္မဓိဋ္ဌာန်မကျသော ယုံကြည်ချက်၊ ခံယူချက်၊ သဘောထားများကြောင့် အာဇာနည်ခေါင်းဆောင်ကြီးများကို ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ တစ်ဦးချင်းစီက ယင်းအမှားများကို လက်တွေ့ကျကျ သင်ခန်းစာယူနိုင်ကြမှသာ မြန်မာနိုင်ငံ၏ အနာဂတ်ကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ ယနေ့လိုအပ်နေသောအဖြေကို ၁၉ ရာစုနှစ်ကပင် ဗိုလ်ချုပ်အောင်ဆန်းက လက်တွေ့ပြသခဲ့ပြီး ဖြစ်သည်။ မိမိကိုယ်ကို မိမိဆင်ခြင်မှုဖြင့် ပြောင်းလဲကြမည်ဆိုလျှင် မျှော်မှန်းသော အနာဂတ်သည် လက်တစ်ကမ်းတွင်သာ ရှိနေပါလိမ့်မည်။ ။

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၁၆/ ၂၀၁၉ )**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )**

### တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၅.၅.၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၁/၂၀၁၈) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| ကြည်း ၂၈၆၆၆ | အစား | ကြည်း ၁၉၇၆၈ |
| ဒုတိယဗိုလ်မှူးကြီး သန့်ဇော် | | ဒုတိယဗိုလ်မှူးကြီး သန်းဦးလွင် |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၁၈ / ၂၀၁၉ )**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )**

### ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမ၊ အမှတ်(၁၀၉၇) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party)** ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party)** ၏ မှတ်ပုံတင်အမှတ်သည် (၁၁၆) ဖြစ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၁၉/ ၂၀၁၉ )**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )**

### နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)** ကို မှတ်ပုံတင်အမှတ် (၂၁)၊ ၂၇-၅-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၆၀/၂၀၁၀) ဖြင့် လည်းကောင်း၊ **ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)** ကို မှတ်ပုံတင်အမှတ် (၂၆)၊ ၁-၆-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၆၆/၂၀၁၀) ဖြင့် လည်းကောင်း၊ **ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** ကို မှတ်ပုံတင်အမှတ် (၇၅)၊ ၁၅-၇-၂၀၁၄ ရက်စွဲပါ ကြေညာချက်အမှတ် (၂၅/၂၀၁၄) ဖြင့် လည်းကောင်း နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)**၊ **ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)** နှင့် **ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**တို့ ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် **ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party)** အဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ကော်မရှင်က လိုအပ်သလို စိစစ်ပြီး **ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party)** ကို မှတ်ပုံတင်အမှတ် (၁၁၆)၊ ၁၁-၇-၂၀၁၉ ရက်စွဲပါ ကြေညာချက်အမှတ်(၁၁၈/၂၀၁၉)ဖြင့် မှတ်ပုံတင်ခွင့်ပြုပါသည်။ ထိုသို့ မှတ်ပုံတင်ခွင့်ပြုခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၂၅ အရ **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)**၊ **ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)** နှင့် **ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**တို့ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကို ဖျက်သိမ်းရမည် ဖြစ်ပါသည်။ ထိုသို့ ဖျက်သိမ်းလိုက်သော ပါတီများ၏ ပါတီတစ်ခုချင်းစီပိုင် ပါတီပိုင်ပစ္စည်းများအားလုံးကို **ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Chin National League For Democracy Party)** ပိုင် ပစ္စည်းများအဖြစ် စာရင်းပြောင်း လက်ခံရယူဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)**၊ **ချင်းတိုးတက်ရေးပါတီ (Chin Progressive Party)** နှင့် **ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**တို့ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းအား ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းကြောင်း ကြေညာလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၂၁ / ၂၀၁၉ )**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )**

### နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ** ကို မှတ်ပုံတင်အမှတ် (၁၃)၊ ၂၄-၅-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၅၁/၂၀၁၀) ဖြင့် လည်းကောင်း၊ **မွန်အမျိုးသားပါတီ (Mon National Party)** ကို မှတ်ပုံတင်အမှတ် (၅၈)၊ ၁၀-၇-၂၀၁၂ ရက်စွဲပါ ကြေညာချက်အမှတ် (၃၄/၂၀၁၂) ဖြင့် လည်းကောင်း နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ**နှင့် **မွန်အမျိုးသားပါတီ (Mon National Party)** တို့ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** အဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ကော်မရှင်က လိုအပ်သလို စိစစ်ပြီး **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ကို မှတ်ပုံတင်အမှတ်(၁၁၇)၊ ၁၁-၇-၂၀၁၉ ရက်စွဲပါ ကြေညာချက်အမှတ်(၁၂၀/၂၀၁၉)ဖြင့် မှတ်ပုံတင်ခွင့်ပြုပါသည်။ ထိုသို့ မှတ်ပုံတင်ခွင့်ပြုခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၂၅ အရ **မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ** နှင့် **မွန်အမျိုးသားပါတီ (Mon National Party)** တို့ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက် ၍ ပါတီများကို ဖျက်သိမ်းရမည် ဖြစ်ပါသည်။ ထိုသို့ ဖျက်သိမ်းလိုက်သော ပါတီများ၏ ပါတီတစ်ခုချင်းစီပိုင် ပါတီပိုင်ပစ္စည်းများအားလုံးကို **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ပိုင်ပစ္စည်းများအဖြစ် စာရင်းပြောင်း လက်ခံရယူဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ** နှင့် **မွန်အမျိုးသားပါတီ (Mon National Party)** တို့ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းအား ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းကြောင်း ကြေညာလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မွန်ညီညွတ်ရေးပါတီ (Mon Unity Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၂၀/ ၂၀၁၉ )**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်**
**( ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )**

### မွန်ညီညွတ်ရေးပါတီ (Mon Unity Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၂၂)လမ်း၊ အမှတ် (၃၂၄) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ၏ မှတ်ပုံတင်အမှတ်သည် (၁၁၇) ဖြစ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပုလောမြို့နယ် လက္ကျူး-မြတောင်-တိုလမ်းပေါ်မှ ပိတပ်ကျေးလက်တံတား တည်ဆောက်ပြီးစီးတော့မည်

**ရန်ကုန် ဇူလိုင် ၁၁**

ပိတပ်တံတားသည် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် လက္ကျူး-မြတောင်-တိုလမ်းပေါ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ပေး၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေးအဖွဲ့ (၃)တံတားအထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်နေသော ကျေးလက်တံတားဖြစ်သည်။



တံတားအရှည်မှာပေ ၄၂၀ ရှိပြီး တံတားအကျယ် ၁၂ ပေ လေးလက်မ၊ တံတားအောက် ရေလမ်းကင်းလွတ်အကျယ် ၄၇ ပေ ခြောက်လက်မ၊ တံတားအမျိုးအစားမှာ ဝ ဒသမ ၈ မီတာအချင်းရှိ ဘိုးပိုင်အုတ်မြစ်၊ တံတားကိုယ်ထည် သံကူကွန်ကရစ်ထိပ်အုတ်၊ တံတားအပေါ်ထည်ပေ ၆၀ တစ်လွှာ တစ်ထပ်ဘေလီခုနစ်ခန်း၊ တံတားတစ်စင်းလုံး၏ ခန့်မှန်းကုန်ကျငွေကျပ် ၉၆၆ သန်းဖြစ်ပြီး အဆိုပါတံတားကို တည်ဆောက်ပြီးစီးတော့မည်ဖြစ်သည်။

အဆိုပါကျေးလက်လမ်း တံတားကြီးသည် တစ်ဖက်ကမ်းရှိကျေးရွာ ၁၄ ရွာ၊ အိမ်ခြေ ၂၄၇၂ အိမ်၊ ကျေးလက်လူဦးရေပေါင်း ၁၃၃၃၅ ဦးတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးစသော ကိစ္စများကို အကျိုးပြုမည့် ကျေးလက်တံတားကြီးဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## ❒ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် တန်ဖိုးထားမှုများကြောင့် စိတ်ရှည်သည်းခံမှုနှင့် စာနာနားလည်မှုများ ဖြစ်ပေါ်လာခဲ့၊ တွေ့ကြုံခဲ့ရသည့် အခက်အခဲများကြောင့် ယုံကြည်မှုတည်ဆောက်ရေးကို တိုး၍ ခိုင်မာလာစေပြီး စိန်ခေါ်မှုများကြားမှ အခွင့်အလမ်းများရယူနိုင်သည့် အတွေ့အကြုံတစ်ရပ်လည်း ရရှိလာ

**NRPC ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း**

## ❒ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရှေ့ဆက်နိုင်ရေးအတွက် အစိုးရ၏ အဆိုပြုချက် (၄)ရပ်ကို ဆွေးနွေး၍ ရှေ့ခရီးတွင် မည်သည့်အရာများကို လုပ်ဆောင်သင့်သည်ကို ညှိနှိုင်းနိုင်ခဲ့ပြီး ထိုအဆိုပြုချက်(၄)ချက်ကို EAO အစုအဖွဲ့အတွင်း ဆက်လက်ဆွေးနွေးသွားရန်ရှိ၊ ယနေ့ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အပြုသဘောဆောင်သော ထိုက်သင့်သည့်ရလဒ်များကို ရရှိခဲ့

**RCSS ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စဝ်ဘောင်ခေး**

✪ *ကျော်ဖုံးမှ*

မိမိတို့အားလုံး၏ စိတ်ရင်းအမှန်၊ ခံယူချက်အမှန်များ အထင်အရှား ထွက်ပေါ်လာခဲ့ပါကြောင်း၊ ဝမ်းမြောက်ဖွယ်ရာကောင်းသည်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မပျက်ပြားစေရန် စိုးရိမ်ပူပန်စိတ်ကြောင့် မိမိတို့အကြား နားလည်မှုများရရှိပြီး ပိုမိုညီညွတ်လာခဲ့ကြပါကြောင်း၊ ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကြောင့် မိမိတို့အားလုံး နိုင်ငံရေး ရင့်ကျက်မှုရရှိလာခဲ့ပါကြောင်း။

မိမိတို့ ဘုံပိုင်ဆိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လမ်းကြောင်းမှန်မှ သွေဖည်သွားစေရန်၊ ပျက်ပြားသွားစေရန်၊ ကြန့်ကြာစေရန် လုပ်ဆောင်နေသူများလည်း ရှိနေမည်ဖြစ်ပါကြောင်း၊ သို့သော် မိမိတို့အချင်းချင်းအကြားတွင် ယုံကြည်မှုများ ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်ပြီ ဖြစ်သည့်အတွက် အောင်မြင်မည်ဆိုသည်ကို အခိုင်အမာ ယုံကြည်ပါကြောင်း၊ မည်သည့်လုပ်ငန်းစဉ်မဆို အခက်အခဲ၊ အတားအဆီးများ ရှိမြဲဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ထိုအခက်အခဲများကြောင့် ပို၍ ကျော်ချင်းကပ်လာခဲ့ကြပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် တန်ဖိုးထားမှုများကြောင့် စိတ်ရှည်သည်းခံမှုနှင့် စာနာနားလည်မှုများ ဖြစ်ပေါ်လာခဲ့ပါကြောင်း၊ တွေ့ကြုံခဲ့ရသည့် အခက်အခဲများကြောင့် ယုံကြည်မှုတည်ဆောက်ရေးကို တိုး၍ ခိုင်မာလာစေပြီး စိန်ခေါ်မှုများကြားမှ အခွင့်အလမ်းများရယူနိုင်သည့် အတွေ့အကြုံတစ်ရပ်လည်း ရရှိလာပါကြောင်း။

### တစ်လတစ်ကြိမ်တွေ့ဆုံမှုရှိ

ယနေ့ ဆွေးနွေးပွဲသည် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး နောက်ပိုင်း (၈)ကြိမ်မြောက် တွေ့ဆုံမှုလည်းဖြစ်ပါကြောင်း၊ (၈)လတာကာလအတွင်း (၈)ကြိမ်မြောက် တွေ့ဆုံခဲ့ခြင်းမှာ အနည်းဆုံး တစ်လ တစ်ကြိမ် တွေ့ဆုံမှုရှိနေသည်ဟု ပြောနိုင်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် နှစ်ဖက်အကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်ရာတွင် မည်သို့ဆက်၍ ဆောင်ရွက်ကြမည်ဆိုသည်ကို အလေးပေး ဆွေးနွေးကြမည်ဖြစ်ပါကြောင်း။

ဇွန်လ ၁၃ ရက်နှင့် ၁၄ ရက်တွင် ပြုလုပ်ခဲ့သည့် UPDJC အတွင်းရေးမှူးများ အလွတ်သဘောအစည်းအဝေးတွင် အစိုးရဘက်မှ ကမ်းလှမ်းထားသည့် တစ်ချိန်တည်း တစ်ပြိုင်တည်း လျှောက်လှမ်းရမည့် လမ်းကြောင်းလေးခုအပေါ်တွင်လည်း RCSS ၏ သဘောထားများ ထည့်သွင်းဆွေးနွေးပေးရန် မျှော်လင့်ပါကြောင်း၊ ထို့အတူ RCSS နှင့် အစိုးရအကြား နှစ်ဖက်ပူးတွဲလုပ်ကိုင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး တစ်ခုလုံးနှင့် ပတ်သက်သည့်ကိစ္စများအပြင် တစ်ဖွဲ့ချင်းဆိုင်ရာ ကိစ္စရပ်များလည်း ပါဝင်နေသည့်အတွက် ယနေ့ ဆွေးနွေးပွဲသည် အရေးကြီးပါကြောင်း။

### နည်းလမ်းများကိုလည်းဆွေးနွေးပေး

ယခု ဆွေးနွေးပွဲတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန်၊ အခက်အခဲများရှိပါက ဝိုင်းဝန်းအဖြေရှာပေးကြရန်၊ တစ်ဖွဲ့ချင်းကိစ္စရပ်များအပြင် အဖွဲ့အားလုံးအတွက် အကြံပြုထားသည့် နည်းလမ်းများကိုလည်း ဆွေးနွေးပေးကြရန် ပြောကြားလိုပါကြောင်း၊ အစိုးရဘက်က ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက ပွင့်ပွင့်လင်းလင်း ပြောကြားစေလိုပါကြောင်း ပြောကြားသည်။

### ကောင်းမွန်သည့်ချဉ်းကပ်မှု

ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စဝ်ဘောင်ခေးက ယနေ့ဆွေးနွေးပွဲသည် မတ် ၁၁ ရက်တွင် ပြုလုပ်ခဲ့သည့်NRPC-RCSS ဆွေးနွေးပွဲ၏ အဆက်ဖြစ်ပြီး ယခင်အစည်းအဝေး၏ သဘောထားစုစည်းချက်များအပေါ်တွင် မည်မျှအထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်ကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်တွင် ကျင်းပသည့် အစည်းအဝေး သဘောထားမှတ်ချက်အတိုင်း ဖမ်းဆီးခံထားရသည့် RCSS အဖွဲ့ဝင် ၃၀ ကို ပြန်လည်လွှတ်ပေးခဲ့သည့်အတွက် နိုင်ငံတော်အစိုးရအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အားလုံးအတွက် အဆင်ပြေအောင် ပြီးခဲ့သည့် (၅)လတာကာလအတွင်း နှစ်ဦးနှစ်ဖက် ကြိုးပမ်းဆောင်ရွက်နေခြင်းမှာ ကောင်းမွန်သည့် ချဉ်းကပ်မှုဖြစ်ပါကြောင်း။

### ငြိမ်းချမ်းရေး ရှေ့ခရီး

ယနေ့ အစည်းအဝေးတွင် (၂၁) ရာစု ပင်လုံညီလာခံအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ တရားဝင်ကျင်းပနိုင်ရေးကိစ္စရပ်များကို အပြန်အလှန် အကျေအလည်ဆွေးနွေးပြီး ငြိမ်းချမ်းရေး ရှေ့ခရီးအတွက် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးသဘောတူညီချက်မရသေးခင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်နေသောကြားကာလတွင် သက်ဆိုင်သည့်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထုအတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်သည့်အတွက် ယနေ့အစည်းအဝေးတွင် ဆွေးနွေးသွားကြရမည် ဖြစ်ပါကြောင်း။

### တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်

၂၀၂၀ ပြည့်နှစ်မတိုင်မီနှင့် ၂၀၂၀ ပြည့်နှစ်အလွန်တွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အခင်းအကျင်းနှင့် ဖက်ဒရယ်တည်ဆောက်ရေးလမ်းစဉ်များကို တိကျသည့် အစီအစဉ် အချိန်ဇယားချမှတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ မိမိတို့လိုလားသည့် ဖက်ဒရယ်ပြည်ထောင်စုကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်သွားနိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ၏ ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းကြသည်။

### ဖွံ့ဖြိုးရေးလုပ်ငန်းများဆွေးနွေး

ထို့နောက် ဆွေးနွေးပွဲ တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖြစ်သည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရေးကိစ္စ၊ တရားဝင်ဆွေးနွေးပွဲများ ကျင်းပနိုင်ရေးကိစ္စ၊ ၂၀၁၉ ခုနှစ်အတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံစတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးကိစ္စများဖြစ်သည့် မုံးထဒေသနှင့် နမ့်ပန်ခွန်ဒေသမြောက်ပိုင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကိစ္စ၊ စာသင်ကျောင်းများနှင့် ကျေးလက်ဆေးပေးခန်းများ ဆောက်လုပ်ရေးလုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ကိစ္စနှင့် အကျဉ်းကျနေသည့် RCSS တပ်ဖွဲ့ဝင်များ ပြန်လည်လွတ်မြောက်ရေးကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ နှစ်ဖက် သဘောထားစုစည်းချက်များရယူခြင်းကို ဆောင်ရွက်ကြသည်။

### သဘောထားချမှတ်နိုင်ခဲ့

ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် စဝ်ဘောင်ခေးက ယနေ့အစည်းအဝေးတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးနိုင်ခဲ့ပြီး နှစ်ဦးနှစ်ဖက်ကြားတွင် နားလည်မှု၊ ယုံကြည်မှု၊ အသိအမှတ်ပြုမှုနှင့် တန်းတူညီမှုများ ပိုမိုရရှိခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ်အတွင်း စတုတ္ထအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရန် သဘောထားချမှတ်နိုင်ခဲ့ပါကြောင်း။

### ထိုက်သင့်သည့်ရလဒ်များကိုရရှိခဲ့

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ရှေ့ဆက်နိုင်ရေးအတွက် အစိုးရ၏ အဆိုပြုချက် (၄)ရပ်ကို ဆွေးနွေး၍ ရှေ့ခရီးတွင် မည်သည့်အရာများကို လုပ်ဆောင်သင့်သည်ကို ညှိနှိုင်းနိုင်ခဲ့ပြီး ထိုအဆိုပြုချက်(၄)ချက်ကို EAO အစုအဖွဲ့အတွင်း ဆက်လက်ဆွေးနွေးသွားရန် ရှိပါကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အပြုသဘောဆောင်သော ထိုက်သင့်သည့် ရလဒ်များကို ရရှိခဲ့ပါကြောင်း ပြောကြားသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ယင်းနောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ယနေ့ ဆွေးနွေးပွဲတွင် နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး သဘောတူညီချက် (၈)ချက် ရရှိပါကြောင်း၊ အဆိုပါ (၈)ချက်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်သည့် အချက်များ၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုကိစ္စများကို အခြေခံရရှိလာသည့် အသီးအပွင့်များဖြစ်ပြီး မိမိတို့ပြည်သူများအားလုံး ခံစားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ဆွေးနွေးချက်များသည် တိုင်းရင်းသား ပြည်သူများနှင့် သက်ဆိုင်ရာဒေသရှိ ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သည့်အတွက် များစွာပီတိဖြစ်ရပါကြောင်း၊ ထို့ကြောင့် မိမိတို့နှစ်ဖက်အနေဖြင့် ယခုဆွေးနွေးပွဲကို နမူနာယူ၍ ရှေ့ဆက်ပြီး တစ်ဦးနှင့်တစ်ဦး ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ် ဆွေးနွေးကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၂) ဦးစိုင်းငင်းတို့က ယနေ့ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများအား ရှင်းလင်းပြောကြားကြသည်။

### သဘောထားစုစည်းချက် (၈)ချက်

သတင်းစာ ရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့ NRPC နှင့် RCSS ဆွေးနွေးပွဲမှာ အလွတ်သဘောဆွေးနွေးပွဲများ အပါအဝင် (၈)လအတွင်း (၈)ကြိမ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ ယခု (၈)ကြိမ်မြောက် အစည်းအဝေးတွင် အဓိကအားဖြင့် သဘောထားစုစည်းချက် (၈)ချက် ရရှိပါကြောင်း၊ မိမိတို့ ဆွေးနွေးခြင်းများတွင် အဓိကအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ အပိုင်း(၁)ကို ဆွေးနွေးပါကြောင်း၊ အဓိက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးကိစ္စကို ဆွေးနွေးပါကြောင်း၊ တရားဝင်ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရန် ဆွေးနွေးပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအကြိမ် အစည်းအဝေး ကျင်းပနိုင်ရေးကိစ္စအပေါ် သဘောထားများကို ဆွေးနွေးပါကြောင်း၊ ဒုတိယပိုင်းအနေဖြင့် ဒေသဖွံ့ဖြိုးရေးကိစ္စများကို ဆွေးနွေးပါကြောင်း၊ အထူးသဖြင့် မုန်းထော်ဒေသဖွံ့ဖြိုးရေးကိစ္စ၊ နမ့်ပန်ခွန် (မြောက်ခြမ်း) ဖွံ့ဖြိုးရေးကိစ္စ၊ စာသင်ခန်းနှင့် ကျေးလက်ဆေးပေးခန်းများ ဆောက်လုပ်ရေးကိစ္စများကို ဆွေးနွေးပါကြောင်း၊ တတိယပိုင်းအနေဖြင့် မူးယစ်ဆေးဝါးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးပါကြောင်း၊ အကျဉ်းကျခံနေရသည့် RCSS တပ်ဖွဲ့ဝင်များ ပြန်လည်လွတ်မြောက်ရန် ကိစ္စနှင့် စပ်လျဉ်း၍ ယနေ့ ထပ်မံတင်ပြလာသည့် အပေါ်တွင်လည်း ဆွေးနွေးပါကြောင်း၊ ဆွေးနွေးချက်များအပေါ်တွင် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ပါကြောင်း၊ ပြဿနာပြေလည်ရေးကို အားလုံးက အပြုသဘောဆောင်၍ ဆွေးနွေးကြသည့်အတွက် ယနေ့ ဆွေးနွေးပွဲသည် အောင်မြင်သည်ဟု ပြောရမည်ဖြစ်ပါကြောင်း။

အထူးသဖြင့် Time Line မှအစ အကြမ်းဖျင်း လျာထားချက်များကို ဆွေးနွေးပါကြောင်း၊ ယနေ့ဆွေးနွေးပွဲမှ ရလဒ်သည် RCSS နှင့် NRPC အကြားမှ စုစည်းချက်များဖြစ်ပါကြောင်း၊ ယင်းအပေါ်တွင် RCSS မှလည်း EAO များနှင့် ဆက်၍ ဆွေးနွေးရမည်ဖြစ်ပါကြောင်း၊

### ပြန်လည်အတည်ပြုမည်

NCA အကောင်အထည်ဖော်မှုများနှင့် ပတ်သက်ပြီး မိမိတို့နားလည်မှုများနှင့် ပြေလည်မှုများရအောင် အကြောင်းအရာများစွာ ပါရှိပါကြောင်း၊ Federal Principle များအား ညီလာခံတွင် မည်သည့် Federal Principle များရအောင်လုပ်မည်ဆိုသည်ကို ၂၀၂၀ ပြည့်နှစ် မတိုင်ခင်ဖြစ်စေ၊ နှစ်ဆန်းပိုင်းတွင်ဖြစ်စေ မိမိတို့ လုပ်ဆောင်မည်ဟု ရည်မှန်းပါကြောင်း၊ သို့သော်လည်း ယင်းကို ပြန်လည်အတည်ပြုမည်ဖြစ်ပါကြောင်း၊ ညီလာခံတွင် ဒီမိုကရေစီ ဖက်ဒရယ်အခြေခံမူများ မည်သည့်အရာများ ရအောင်ဆောင်ရွက်မည်ဆိုသည်ကို လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ နောက်တစ်ချက်မှာ ၂၀၂၀ ပြည့်နှစ် မတိုင်ခင်နှင့် ၂၀၂၀ ပြည့်နှစ် အလွန်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အဆင့်လိုက်သွားရမည့်ကိစ္စရပ်များကို မိမိတို့ဘက်မှ အဆိုပြု သဘောတူထားပါကြောင်း၊ နောက်ဆုံးအချက်မှာ ဖွံ့ဖြိုးရေးဖြစ်ပါကြောင်း။

### လမ်းကြောင်းလေးခုရှိ

အထူးသဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးရရှိသွားသည့် နယ်မြေဒေသများမှာ သိသိသာသာ ဖွံ့ဖြိုးရေးကို လိုပါကြောင်း၊ ဒေသခံပြည်သူများ ငြိမ်းချမ်းရေးအကျိုးတရား ရရှိခံစားစေရေးကို မိမိတို့အဓိကထားဆွေးနွေးကြခြင်း ဖြစ်ပါကြောင်း၊ ယင်းကိုလည်း EAOs (၁၀) ဖွဲ့လုံးနှင့် အဆိုပြုထားမည်ဖြစ်ပြီး ဆောင်ရွက်ရန် လမ်းကြောင်း လေးခု ရှိပါကြောင်း၊ တစ်ခုပြီးတစ်ခုမဟုတ်ဘဲ တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း ပြောကြားသည်။

အလားတူ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၂) ဦးစိုင်းငင်းက “နံပါတ် ၁ အချက်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်ဆို့နေတာကို ရှေ့ခရီးမှာ ဘယ်လိုလုပ်ကြမယ်။ စတုတ္ထအကြိမ် (၂၁)ရာစုပင်လုံကိစ္စရယ်။ နောက်ပြီး တရားဝင်ဆွေးနွေးပွဲကိစ္စကို ဘယ်လိုလုပ်ကြမလဲ။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကိစ္စတွေကို ဆွေးနွေးပါတယ်။ ကျွန်တော်တို့ နယ်မြေမှာရှိနေတဲ့ လူထုတွေအတွက် ဒေသဖွံ့ဖြိုးရေးကိစ္စတွေ၊ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ကိစ္စတွေ၊ ကျွန်တော်တို့ဘက်က လက်ကျန်အကျဉ်းသားကိစ္စတွေကို ကျွန်တော်တို့ သဘောတူညီချက် ရခဲ့ပါတယ်။

“ဒီအစည်းအဝေး ကတော့ ကျွန်တော်တို့ နှစ်ဦးနှစ်ဖက်ကြားမှာ နားလည်မှုတွေ၊ ယုံကြည်မှုတွေ၊ အသိအမှတ်ပြုမှုတွေ၊ တန်းတူညီမှုတွေကို ပိုမိုတည်ဆောက်နိုင်ခဲ့တယ်။ ကောင်းမွန်တာတွေ ရတယ်လို့ပဲ ကျွန်တော်တို့ ပြောချင်ပါတယ်။ (၂၁)ပင်လုံကတော့ ဒီနှစ်အတွင်းမှာ ဒီဇင်ဘာလား(ဒါမှမဟုတ်) နှစ်ဆန်း ဇန်နဝါရီလပိုင်းလောက်မှာတော့ ကျင်းပလိုတဲ့ အနေအထားရှိပါတယ်။

### လမ်းပွင့်သွားပြီလို့ဆိုရမှာဖြစ်

“ကျွန်တော်တို့က အမျိုးသားအဆင့် ဆွေးနွေးပွဲ လုပ်တယ်ဆိုတဲ့နေရာမှာ သူ့ရဲ့လုပ်ထုံးလုပ်နည်းတွေ SOP တွေ ရှိပါတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်တို့က ဆက်လက်သွားဖို့ရှိပါတယ်။ တချို့နားလည်မှုလွဲနေတာတွေကို ပြန်ညှိရမယ့် အပိုင်းလေးရှိပါတယ်။ ဆက်လက်ကျင်းပဖို့ လမ်းပွင့်သွားပြီလို့ ဆိုရမှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

*စာမျက်နှာ ၉ သို့*

# ရေကြောင်းပညာဝါသနာဖြင့် ပညာရှာမှီးလိုသူတို့အတွက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

**ဝင်းဝင်းမော်**

**ရှပ်ကော်လံအဖြူ ၊ ဘောင်းဘီရှည်နက်ပြာ၊ နက်ကတိုင်နက်ပြာလေးစီးလျက် ရှူးဖိနပ်တစ်ဒေါက်ဒေါက်ဖြင့် ဆယ်ကျော်သက်အရွယ် ကျောင်းသား ကျောင်းသူများ လွတ်လပ်ပေါ့ပါးစွာ ကျောင်းဝင်းအတွင်း လှုပ်ရှားသွားလာနေကြသည့် မြင်ကွင်းက မြင်ရသူတို့၏ စိတ်ကိုလည်း လန်းဆန်းတက်ကြွသလို ခံစားနိုင်သည်။**

ထိုနေရာကား ရန်ကုန်မြစ်တစ်ဖက်ကမ်း သန်လျင်မြို့ သီလဝါရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ပင်ဖြစ်သည်။

"ဆယ်တန်းအောင်အမှတ်စာရင်းကြည့်လိုက်တဲ့အခါမှာ ဆေးပညာအမှတ်မမီဘူး။ ရေကြောင်းတက္ကသိုလ်အကြောင်းကိုလည်း အဲဒီတုန်းက သေချာသိပ်မသိဘူး။ ဒါပေမယ့် ရေကြောင်းပညာတက္ကသိုလ်ကို လျှောက်လိုက်တဲ့အခါ တက်ခွင့်ရလိုက်တယ်။ ငယ်စဉ်က သိပ္ပံပညာရှင်တစ်ယောက်ဖြစ်ချင်တာ ။ ဒါပေမယ့် ကျွန်တော်ရွေးချယ်မှု မမှားခဲ့ပါဘူး"ဟု စတုတ္ထနှစ် ရေကြောင်း လျှပ်စစ်နှင့် အီလက်ထရောနစ် အထူးပြုဘာသာရပ်တက်ရောက်နေသည့် မောင်မင်းသန့်ညိုက ပြောသည်။

### သင်္ဘောလိုင်းတိုက်ရိုက်ချိတ်ဆက်ခွင့်ရ

ရေကြောင်းပညာတက္ကသိုလ်က သင်္ဘောသားများသာ မွေးထုတ်ပေးသည်ဟု သိကြသော်လည်း B.E (Marine Engineering )/ B.E (Marine Electrical System and Electronics)/ B.Sc ( Nautical Science ) မေဂျာ သုံးခုသည် သင်္ဘောလိုင်း တိုက်ရိုက်ချိတ်ဆက်ခွင့်ရပြီး ကျန်သည့် ဘာသာရပ်လေးခုမှာ အင်ဂျင်နီယာဘာသာရပ်များပင်ဖြစ်သည်။ အများအားဖြင့် ရေကြောင်းအထူးပြုသည့် အင်ဂျင်နီယာဘာသာရပ်များဖြစ်သည်။

"၂၀၀၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှာ ဆင်မလိုက်နားမှာရှိတဲ့ ရေကြောင်းသိပ္ပံကျောင်းဝင်းအတွင်းမှာ စတင်တည်ထောင်ခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာ အခုနေရာဖြစ်တဲ့ သီလဝါကို ပြောင်းရွှေ့ခဲ့တာပါ။ လက်ရှိပင်မဆောင်ကိုတော့ ၂၀၀၄ ခုနှစ်မှာ စတင် ဖွင့်လှစ်အသုံးပြုခဲ့ပါတယ်။ ကျောင်းက သက်တမ်းအားဖြင့် ၁၇ နှစ်ရှိပြီဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ပြောသည်။

သက်တမ်း ၁၇ နှစ်ရှိ အဆိုပါတက္ကသိုလ်သည် အလုပ်အကိုင်အခွင့်အလမ်းများနှင့် သင်္ဘောသားများစွာ မွေးထုတ်ပေးပြီး လက်ရှိအချိန်ထိ ဘွဲ့ရ ၃၈၈၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် အင်ဂျင်နီယာဘွဲ့အနေဖြင့် - ရေယာဉ်တည်ဆောက်မှု/ ရေကြောင်းစက်မှု/ ရေကြောင်းအင်ဂျင်နီယာ/ ဆိပ်ကမ်းအင်ဂျင်နီယာ/ မြစ်ချောင်းနှင့်ကမ်းရိုးတန်းအင်ဂျင်နီယာ/ ရေကြောင်းလျှပ်စစ်နှင့်အီလက်ထရောနစ်/သိပ္ပံဂုဏ်ထူးဘွဲ့ (ရေကြောင်းသိပ္ပံ)တို့ဖြစ်သည်။ ပညာသင်ဆဲကာလနှင့် ဘွဲ့ရပြီးကာလ အလုပ်အကိုင်အခွင့်များသည့် ရေကြောင်းစက်မှု/ရေကြောင်း လျှပ်စစ်နှင့် အီလက်ထရောနစ်/ရေကြောင်းသိပ္ပံ သုံးလိုင်းသည် သင်္ဘောလိုင်းများနှင့် တိုက်ရိုက်ချိတ်ဆက်ထားသည်။ သင်တန်းအားလုံးသည် ငါးနှစ်သင်တန်းများဖြစ်သည်။

အဆိုပါ တက္ကသိုလ်တွင် ရေယာဉ်တည်ဆောက်မှု၊ ဆိပ်ကမ်းအင်ဂျင်နီယာ၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာဘာသာရပ် သုံးခုကို မာစတာဘွဲ့ပေးပြီး သင်္ဘောလုပ်ငန်းစီမံခန့်ခွဲရေး ၊ ဆိပ်ကမ်းလုပ်ငန်းစီမံခန့်ခွဲရေး၊ ထောက်ပံ့ပို့ဆောင်ရေးဟူသည့် ဘာသာရပ်သုံးခုကို ဘွဲ့လွန်ဒီပလိုမာဖြင့် အလုံမြို့နယ်တွင် တစ်နှစ်သင်တန်းဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

### အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေး

ကျောင်းသား ကျောင်းသူများ အလုပ်အကိုင်ရရှိရေးအတွက် နိုင်ငံတကာသင်္ဘောလိုင်းများနှင့် ချိတ်ဆက်ပြီး MoU ရေးထိုးထားခြင်းကြောင့် ကျောင်းတက်နေစဉ်ကာလအတွင်း သင်္ဘောလိုင်းများမှ လာရောက်ရွေးချယ်မှုများရှိသည်။ သင်္ဘောလိုင်း မဟုတ်သည့် အခြားဘာသာရပ် ကျောင်းသား ကျောင်းသူများအတွက် ဂျပန်ကုမ္ပဏီများနှင့် ချိတ်ဆက်ကာ အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသည်။



**မောင်မင်းသန့်ညို**
**(စတုတ္ထနှစ်၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ်ကျောင်းသား)**

"ဂျပန်ကုမ္ပဏီတွေက ဂျပန်စာကို သင်ပေးပါတယ်။ သတ်မှတ်အဆင့်ထိ တတ်မြောက်ရင် လူတွေ့စစ်ဆေးပြီး ရွေးချယ်သွားတယ်။ အခုဆိုရင် ရေကြောင်းတက္ကသိုလ်က ဘွဲ့ရ ကျောင်းသား / ကျောင်းသူအများစုက ဂျပန်နိုင်ငံမှာ အလုပ်လုပ်ကိုင်နေကြပြီ ဖြစ်ပါတယ်။ တချို့လည်း မြန်မာပြည်မှာရှိတဲ့ ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်နေကြပါတယ်။ သီလဝါစက်မှုဇုန်မှာရှိတဲ့ စက်ရုံတွေ၊ ဆိပ်ကမ်းတွေမှာလည်း အလုပ်ဝင်ရောက်နေသလို ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာန အောက်မှာရှိတဲ့ အစိုးရဌာနတွေမှာလည်း အလုပ်ဝင်ရောက်နေကြပါတယ်။ ဒါကြောင့် အလုပ်အကိုင်အခွင့်အလမ်းကတော့ ယခင်ကထက်ကို ပိုပြီးများလာပါတယ်"ဟု ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ပြောသည်။



ပါမောက္ခချုပ်
ဒေါက်တာ
မြတ်လွင်

ကျောင်းသား၊ ကျောင်းသူများ အလုပ်အကိုင်ရရှိရေးအတွက် နိုင်ငံတကာသင်္ဘောလိုင်းများစွာနှင့် ချိတ်ဆက်ထားပြီး ပူးပေါင်းဆောင်ရွက်မှုများရှိခြင်းကြောင့် ကျောင်းပြီးပါက အလုပ်အကိုင်ရရှိရေးအတွက် ၈၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် နိုင်ငံတကာတက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျောင်းသား ကျောင်းသူ ၊ ဆရာ ဆရာမများ ပညာရပ် ဆိုင်ရာနှင့် သုတေသနဆိုင်ရာများ ဖလှယ်နိုင်သည့် အခွင့်အလမ်းများစွာကို ဖန်တီးပေးလျက်ရှိသည်။

### ထောက်ပံ့မှုနှင့်လမ်းညွှန်မှုများကို ပံ့ပိုးပေး

ကျောင်း၏ တိုးတက်ရာတိုးတက်ကြောင်း ပြပွဲ ၊ ပြိုင်ပွဲများ အားကစားလှုပ်ရှားမှု၊ စီမံချက်ပြပွဲ၊ ဗဟုသုတရစေမည့် လေ့လာမှုများကို ဦးစီးဆောင်ရွက်ကြသည်ကို တွေ့မြင်ရပြီး ကျောင်းတာဝန်ရှိသူများကလည်း လိုအပ်သည့် ထောက်ပံ့မှုနှင့် လမ်းညွှန်မှုများကို ပံ့ပိုးပေးလျက်ရှိနေသည်။

နှစ်စဉ် ကျောင်းသား ၃၂၀ ခေါ်ယူလျက်ရှိသည့်အနက် အမျိုးသမီး ၂၀ ရာခိုင်နှုန်းသာ ခေါ်ယူကြောင်း သိရသည်။ လျှောက်ထားသည့် အမျိုးသမီးများအနေဖြင့် Marine Engineering / Marine Electrical System and Electronics / Nautical Science သုံးလိုင်းကို လျှောက်ခွင့်မရှိကြောင်း သိရသည်။ ယခု ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းသား ၄၀၀ ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။ ထူးခြားချက်မှာ ကျောင်းဝင်ခွင့် လူတွေ့စစ်ဆေးမှုပါရှိပြီး မျက်စိစွမ်းရည်တွင် မှန်ကန်စွာ အရောင်ခွဲခြားနိုင်သည့် စွမ်းရည်စစ်ဆေးမှုပါရှိသည်။

"ဆရာ ဆရာမဦးရေရော၊ ကျောင်းသားဦးရေရော နည်းတဲ့အတွက် ကျောင်းဆိုပေမယ့် ပုံစံက မိသားစုလိုပဲသွားတာ။ ကျောင်းသားတွေနဲ့ ဆရာ ဆရာမတွေကြားက ဆက်ဆံရေးက နွေးထွေးတယ်။ ဒါကြောင့် ကျွန်တော် ပျော်ရွှင်မိပါတယ်" ဟု စတုတ္ထနှစ် ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ် ကျောင်းသား မောင်မင်းသန့်ညိုက ပြောသည်။

ထို့အပြင် ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသူများအတွက် ကျောင်းမှ တာဝန်ရှိသူများနှင့် ကျောင်းသားဟောင်းများက ရန်ပုံငွေစိုက်ထူကာ ငွေကြေးထောက်ပံ့မှုများလည်း ရှိကြောင်း သိရသည်။ ယခုနှစ်တွင် ကျောင်းသား ကျောင်းသူ ၂၀ ကိုတစ်လလျှင် ငွေကျပ် ၅ သောင်းနှုန်း ထောက်ပံ့ပေးနိုင် ခဲ့ ကြောင်း သိရသည်။

ငယ်စဉ်က သိပ္ပံပညာရှင်တစ်ယောက်ဖြစ်ချင်ပြီး စူးစမ်းရတာ ဝါသနာပါသည့် မောင်မင်းသန့်ညို၏ စူးစမ်းချင်သည့်စိတ်က ပျောက်မသွားခဲ့ပေ။

"ကျွန်တော် ပညာသင်ဆုတွေ လျှောက်မယ်။ ကျောင်းပြီးသွားရင် ပြည်ပမှာ သိပ္ပံပညာရပ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်တာတွေကို ထပ်လေ့လာပြီး နောက်ထပ် ပညာတွေ ဆက်သင်ပြီး Ph.D ဖြစ်အောင်ကြိုးစားမယ်။ နဂို စိတ်ဝင်စားတဲ့ သိပ္ပံပညာရပ်ပိုင်းဆိုင်ရာနဲ့ ပတ်သက်တဲ့ဝါသနာကို သေချာလေ့လာပြီး လူတွေကို အကျိုးပြုတဲ့ပစ္စည်းတွေကို ထွင်သွားချင်တယ်"။




မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်အဆောက်အဦကို တွေ့ရစဉ်။

*စာမျက်နှာ ၈ မှ*

### ယုံကြည်မှုများပိုမိုတည်ဆောက်

ဆက်လက်၍ ဦးဇော်ဌေးက အနှစ်ချုပ်ပြောရမည်ဆိုပါက ပြီးခဲ့သည့် ဇူလိုင် ၁၀ ရက်က ရန်ကုန်မြို့တွင် KNU နှင့် အလွတ်သဘောတွေ့ခဲ့သလို ကျန်သည့် NCA လက်မှတ်ထိုးထားသည့် အဖွဲ့က ခေါင်းဆောင်များနှင့်လည်း မိမိတို့တွေ့ဆုံခဲ့ပါကြောင်း၊ (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးပြီးသည့်နောက် ၈ လခန့်အထိ အစည်းအဝေးများ မစတင်နိုင်ပါကြောင်း၊ ၎င်းမှာ နိုင်ငံတကာငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ဖြစ်လေ့ဖြစ်ထရှိပြီး အတက်အကျရှိပါကြောင်း၊ ယင်းမှာ နှစ်ဖက် စိတ်ရှည်သည်းခံပြီး ဆောင်ရွက်ရသည့် ကိစ္စများဖြစ်ပါကြောင်း၊ မကြာခင်မှာလည်း မိမိတို့ တရားဝင် နိုင်ငံရေးအစည်းအဝေးများ အမြန်ဆုံးစတင်နိုင်ရန် အားလုံးက ကြိုးစားနေကြသည့်အတွက် အားရပါကြောင်း၊ နိုင်ငံရေးအရ ဖြေရှင်းကြသည့် နိုင်ငံရေးဆွေးနွေးပွဲများမှာ များစွာ အခက်အခဲရှိပြီး ကျော်ဖြတ်ရမည့်ကိစ္စများရှိပါကြောင်း၊ နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း ယခုလို ငြိမ်းချမ်းရေးဆွေးနွေးပွဲမျိုး တစ်ခါမျှမရှိခဲ့ပါကြောင်း၊ နိုင်ငံရေးပြဿနာများကို ယခုလိုမျိုး ငြိမ်းငြိမ်းချမ်းချမ်းစားပွဲဝိုင်းတွင် စတင်ဖြေရှင်းသည့် ယဉ်ကျေးမှုမှာ ယခုရောက်နေပြီဖြစ်ပါကြောင်း၊ တွေ့ကြုံလာသည့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းသည့်အခါ ယုံကြည်မှုများ ပိုမိုတည်ဆောက်နိုင်ပါကြောင်း၊ အထူးသဖြင့် RCSS နှင့် ကျန်သည့် ကြားကာလတွင် အလွတ်သဘော တွေ့ဆုံခဲ့သည့် အဖွဲ့များသည် များစွာနားလည်မှုနှင့် ယုံကြည်မှုရှိလာပါကြောင်း၊ တစ်ချိန်တည်းမှာ ရပ်ဆိုင်းနေသည့် အစည်းအဝေးများ စတင်နိုင်ရန် အလားအလာများစွာ ကောင်းသည်ဟု နိဂုံးချုပ်ပြောကြားလိုကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ ဦးခင်မောင်တင်၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ငြိမ်းချမ်းရေး ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် စဝ်ဘောင်ခေး၊ ဦးစိုင်းငင်း၊ ဦးအောင်မြ၊ ဦးဆောင်းဟာန်၊ ဦးစိုင်းဟာန်၊ ဦးစိုင်းဦး၊ ဦးဒေဝိန်၊ ဦးစင်းသျှဲန်မိုင်တို့ တက်ရောက်ကြသည်။

**မျိုးမြင့်၊ မျိုးသူဟိန်း(သတင်းစဉ်)**

### မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇူလိုင် ၁၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

**မိုး/ဇလ**

# ကျွန်တော်တို့နိုင်ငံမှာ ရေအားနဲ့ သဘာဝဓာတ်ငွေ့ကို အဓိကထားပြီး ဓာတ်အားထုတ်လုပ်ဆောင်ရွက်နေပါတယ်

**ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်**

## ဓာတ်အားခအပြောင်းအလဲနှင့် သူတို့အမြင် စကားဝိုင်း

**ဓာတ်အားခအပြောင်းအလဲနှင့် သူတို့အမြင်စကားဝိုင်းတွင် ပါမောက္ခဒေါက်တာ အောင်ထွန်းသက်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ Miss Universe Myanmar (2016) ထက်ထက်ထွန်းနှင့် ဦးကိုကို (စက်မှုတက္ကသိုလ်) တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည် -**



*ယမန်နေ့မှအဆက်*

**ထက်ထက်ထွန်း ။** ။ ဒုတိယဝန်ကြီး ဆွေးနွေးပြောပြသွားတဲ့အပေါ်မှာ ထပ်ပြီး ဆွေးနွေးချင်တာ ရှိပါတယ်။ အခု ထပ်တိုးကောက်ခံမှာက တကယ်ပြည်သူတွေ သုံးတဲ့ ပမာဏလောက်ကို ပေးနေရတာ မဟုတ်သေးဘူးလို့လည်း ကြားသိရပါတယ်။ ကိုယ်တကယ် သုံးစွဲသလောက် မပေးရသေးဘူးဆိုတာ ပြည်သူတွေ သိဖို့ လိုအပ်နေသေးတယ်လို့ ထင်ပါတယ်။ အရင်ကတည်းက ဘာလို့ တိုးမကောက်ဘဲ အခုဘာလို့ တိုးကောက်တယ်ဆိုတာကို ပြည်သူတွေက သိချင်ကြပါတယ်။

**ဒုတိယဝန်ကြီး ။** ။ တကယ်တမ်းပြောရရင် အရင်က နိုင်ငံကို စီမံခန့်ခွဲတဲ့စနစ်က ဆိုရှယ်လစ်စနစ်နဲ့ သွားခဲ့ပါတယ်။ ဒီစနစ်မျိုးတွေမှာ အစစအရာရာ နိုင်ငံတော်က တာဝန်ယူတယ်ဆိုတဲ့ သဘောမျိုးဆန်ပါတယ်။ ဒါကြောင့်မို့ ကြီးကြီးမားမား စိုက်ထုတ်ပြီး အရှုံးခံ ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုနဲ့ Market Orientation ကို အခြေခံဆောင်ရွက်တဲ့ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုက ကွာခြားပါတယ်။ ဒီနေ့မှာတော့ နိုင်ငံရဲ့စနစ်က ပြောင်းလဲသွားပြီး Open Market Policy ကို ပြောင်းလဲကျင့်သုံးနေပြီဖြစ်ပါတယ်။

ခုနက ဆွေးနွေးသွားကြသလို အရင်စနစ်မှာပဲ မွေးဖွားကြီးပြင်းလာပြီး အကျင့်ပါနေကြတယ်။ အခုပြောင်းလဲတဲ့အခါ အကျင့်ပါပြီး ဘာဖြစ်လို့ တိုးကောက်ကြသလဲ၊ ပုံမှန်နှုန်းကို ချဉ်းကပ်ကြသလဲဆိုတဲ့ အတွေးလေးတွေဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း ပြောင်းလဲဖို့ လိုအပ်လာနေပြီဆိုတဲ့ အချက်တစ်ခုဖြစ်ပါတယ်။

**ဒေါက်တာအောင်ထွန်းသက် ။** ။ အလကားနီးပါး ရတဲ့သူကို တန်ရာတန်ကြေးပေးပါ ပြောရင် မပေးချင်ဘူး။ တန်ရာတန်ကြေးပေးပါလို့ ပြောရဲတဲ့သတ္တိက မနည်းလှဘူး။ အဲဒီတော့ subsidy ဆိုတာဟာ ဘယ်မှာကျင့်သုံးသလဲဆိုရင် အုပ်ချုပ်ရေးပုံစံနဲ့ အုပ်ချုပ်တဲ့ အစိုးရတွေမှာ ကျင့်သုံးလေ့ရှိတယ်။ ဈေးနှုန်းတွေ သတ်မှတ်ထားတယ်။ ပြည်သူတွေရဲ့ ထောက်ခံမှုတွေ ရယူတဲ့ပုံစံပါ။ အစိုးရက subsidy လုပ်မယ်။ ပြဿနာ ဘာရှိလဲဆိုရင် အဲဒီလို ကြာရှည်လုပ်တော့ အစိုးရက ကြာတော့မခံနိုင်တော့ဘူး။ ဒီဆွေးနွေးပွဲမှာ အရေးကြီးတဲ့ စကားလုံးတစ်ခုက Good Governance ပါ။ နိုင်ငံတော်မှာ ကောင်းမွန်တဲ့ စီမံအုပ်ချုပ်တဲ့ စနစ်ရှိဖို့ လိုတယ်။ ဘဏ္ဍာငွေထဲကနေ subsidy လုပ်နေရင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလုပ်ဖို့၊ တခြားသုံးဖို့ ငွေမရှိတော့ဘူး။ အဲဒီဟာကို နားလည်မှုလိုတယ်။

### ရဲရဲတင်းတင်းဆောင်ရွက်တာကို ကြိုဆိုရမှာပါ

တစ်ယောက်ချင်းအနေနဲ့ကတော့ ဒါကြီးလာမပြောနဲ့၊ အိမ်မှာ မီတာခတက်သွားပြီ။ ဒါပဲ ရှင်းပေးပါ၊ ကျုန်တာတွေ မသိချင်ဘူး ပြောမှာပဲ။ နောက်တစ်ခုက အစိုးရလို့ပြောရင် အစိုးရက ဘယ်သူလဲ။ အစိုးရဆိုတာ ကိုယ်ပဲ။ ဒါကြောင့် ဒီငွေဟာလည်း ကိုယ့်ငွေပဲ။ အစိုးရဆီမှာ ကိုယ်ပိုင်ငွေမရှိဘူး။ အစိုးရငွေက ပြည်သူပေးထားတာကို စီမံခန့်ခွဲတာပါပဲ။ ကာလတို မကြည့်ပါနဲ့။ ကျွန်တော့်အနေနဲ့ စိတ်မကောင်းတာက

> “ပြည်သူတွေအနေနဲ့ မီတာခတွေ အများကြီးမကျအောင် ကိုယ်သုံးစွဲတဲ့ အလေ့အထလေးတွေ မှန်မှန်ကန်ကန် နေထိုင်ဆောင်ရွက်ဖို့ အကြံပြုတာဖြစ်ပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကနေ လျှပ်စစ်ဓာတ်အားကို ဘယ်လိုချွေတာသုံးစွဲရမလဲဆိုတာ အကြံပြုချက်ကို ထုတ်လွှင့်ပေးနေတာ ရှိပါတယ်။ လိုက်နာဆောင်ရွက်ဖို့ ခက်ခဲမှု မရှိပါဘူး။ လျှပ်စစ်ကို မသုံးဘဲ ချွေတာပါလို့ ပြောတာမဟုတ်ပါဘူး။ လျှပ်စစ်ကို သုံးပါ။ ဒါပေမယ့် မဖြုန်းပါနဲ့။ လွဲတဲ့အသုံးမျိုး ဖြစ်မနေစေချင်တာ ဖြစ်ပါတယ်”

မီးဆိုတာ ဘာမှန်းမသိတဲ့သူတွေရဲ့အသံတွေ မကြားရဘူး။ တစ်နှစ်ပတ်လုံး မီးမရတဲ့သူတွေ အများကြီးရှိသေးတယ်။ သူတို့အတွက် ဘာလုပ်ပေးမလဲ။ ဒါဆိုရင် ကိုယ်က အနစ်နာခံရမလား။ ဒီလိုလည်း မပြောပါဘူး။

ဒီတာဝန်ကို အစိုးရက ယူရမှာပါ။ လိုအပ်ရင်လည်း အမုန်းခံရမှာပါ။ အစိုးရအနေနဲ့ အခုလို အမုန်းခံဆောင်ရွက်နိုင်တဲ့ သတ္တိလည်း လိုပါတယ်။ အချစ်ပဲ ခံချင်ရင်လည်း ရေရှည်မှာ နိုင်ငံအတွက် မကောင်းပါဘူး။ အခုလို ရဲရဲတင်းတင်း ဆောင်ရွက်တာကို ကြိုဆိုရမှာပါ။ ပူးပေါင်းပါဝင်ရမှာပါ။

**ဒုတိယဝန်ကြီး ။** ။ ကျွန်တော်တို့နိုင်ငံမှာ ရေအားနဲ့ သဘာဝဓာတ်ငွေ့ကို အဓိကထားပြီး ဓာတ်အားထုတ်လုပ်ဆောင်ရွက်နေပါတယ်။ ကျောက်မီးသွေးသုံးစက်ရုံဆိုလို့ တီကျစ်စက်ရုံတစ်ခုပဲ ရှိပါတယ်။ အဲဒီတော့ ရာခိုင်နှုန်းအားဖြင့် ၁ရာခိုင်နှုန်းကနေ ၂ ရာခိုင်နှုန်းလောက်ပဲ ထုတ်လုပ်ပါတယ်။ ကျွန်တော်တို့ ရေအားဘက်ကနေ ၅၅ ရာခိုင်နှုန်းလောက်ရှိပြီးတော့ ကျန်တာက Gas Turbine ကနေ ထုတ်ပါတယ်။ လတ်တလော သတင်းစာမှာ ဖိတ်ခေါ်လိုက်တဲ့ဟာက သဘာဝဓာတ်ငွေ့ကိုပဲ အသုံးပြုရဦးမှာဖြစ်ပါတယ်။ ဒီအကြောင်းအရင်းက ဒီနေ့ ဓာတ်အားတွေ မလုံလောက်ဘူး။ ကျွန်တော်တို့ ဖြေရှင်းရမှာ တစ်နှစ် နှစ်နှစ်အတွင်း ဖြေရှင်းပေးရမှာဖြစ်ပါတယ်။ ဒီလို တစ်နှစ် နှစ်နှစ်အတွင်း ဖြေရှင်းပေးနိုင်ဖို့အတွက် အဖြေရှာတော့ သဘာဝဓာတ်ငွေ့ကို သုံးပြီး ထုတ်လုပ်တဲ့နည်းလမ်းက အချိန်ကိုက် ရေတိုဖြေရှင်းနိုင်မယ့် နည်းမို့ သွားတာပါ။

### တိုးချဲ့ဆောင်ရွက်သွားမယ်

ဒါဆိုရင် ကာလလတ်နဲ့ ရေရှည်အတွက်တော့ Generation Mixed ကို ပြောင်းလဲရမှာဖြစ်ပါတယ်။ ဒီအတွက် အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၊ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်း သုံးခုဟာ လက်ရှိတည်ဆောက်ဆဲ စီမံကိန်းတွေဖြစ်ပါတယ်။ ဒီစီမံကိန်းတွေကို လာမယ့် နှစ်နှစ်သုံးနှစ်အတွင်း ပြီးစီးအောင် နိုင်ငံတော်က လုံလောက်တဲ့ ငွေလုံးငွေရင်း ဘတ်ဂျက်ကို ချထားပေးပြီးဖြစ်ပါတယ်။ ဒါကြောင့် အားတက်သရော ဆောင်ရွက်နေပါပြီ။ ပြီးတော့ ရွှေလီ-၃ ရေအားလျှပ်စစ်စီမံကိန်း (မဂ္ဂါဝပ် ၆၇၀) ကို ပြင်သစ်ကုမ္ပဏီနဲ့ လက်မှတ်ရေးထိုးပါတယ်။ Joint Venture လုပ်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါက ရေအားလျှပ်စစ်တွေကို အနာဂတ်မှာ တိုးချဲ့ဆောင်ရွက်သွားမယ်ဆိုတာကို ရှင်းပြလိုတာဖြစ်ပါတယ်။

ရေအားလျှပ်စစ်အတွက် ကျွန်တော်တို့နိုင်ငံမှာ အရင်းအမြစ်တွေ ရှိပါတယ်။ ဒီအရင်းအမြစ်တွေကို အကျိုးရှိရှိအသုံးချဖို့ လုပ်ရမှာဖြစ်ပါတယ်။ လုပ်လည်း လုပ်နေပါပြီ။ ဒါပေမယ့် ရေအားလျှပ်စစ်ဆိုတာ သဘာဝအရ မိုးကောင်းလား၊ မိုးနည်းလားဆိုတဲ့အပေါ်မှာ မူတည်ပြီးတော့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်တဲ့ အခြေအနေဖြစ်ပါတယ်။ ဒီနှစ်ဆိုရင် ဇွန်လသာ ကုန်သွားတယ်။ ဆည်တွေ ခုထိ ရေမဝင်သေးတဲ့အခါမှာ လျှပ်စစ်ထုတ်နိုင်ဖို့ အားနည်းပါတယ်။ ဒီလိုမျိုး ဖြစ်ပေါ်နိုင်တဲ့အတွက်ကြောင့် လျှပ်စစ်ကိုလည်း မပျက်ချင်ဘူး၊ အထူးသဖြင့် နွေရာသီမှာ ပူတော့ မီးမပျက်ချင်ဘူး။ ဒါပေမယ့် ရေခန်းနေတော့ ထုတ်ပေးနိုင်တဲ့အားက နည်းနေတယ်။

### ကျောက်မီးသွေးသုံးပြီး ထုတ်လုပ်တဲ့နည်းလမ်း

တစ်နှစ်ပတ်လုံး ဓာတ်အားထုတ်လုပ်ပေးနိုင်တဲ့ နည်းလမ်းဖြစ်တဲ့ သဘာဝဓာတ်ငွေ့ကို သုံးပြီး ထုတ်လုပ်ရင် ထုတ်လုပ်မှု ကုန်ကျစရိတ်ကြီးတယ်။ ဒီလိုမကြီးအောင် ကျောက်မီးသွေးသုံးပြီး ထုတ်လုပ်တဲ့ နည်းလမ်းကို Generation Mixed ထဲမှာ မျှမျှတတ သင့်တင့်လျောက်ပတ်အောင် ဆောင်ရွက်ရပါမယ်။ ဒီအခါမှာ အများစုက စိုးရိမ်စိတ်တွေ ပေါ်လာတတ်ပါတယ်။ ပတ်ဝန်းကျင်ညစ်ညမ်းထိခိုက်မှုတွေ ရှိမလား။ ဒါတွေအတွက် ကမ္ဘာမှာ လက်ခံကျင့်သုံးတဲ့ နည်းပညာမျိုးနဲ့ ကျွန်တော်တို့ ပြည်သူလူထုကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမယ့် နည်းလမ်းတွေကို ရွေးချယ်ပြီး စီစဉ်ဆောင်ရွက်သွားဖို့ ကြိုးစားနေပါတယ်။

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းမှာ မင်းဘူးမှာ ဖွင့်လှစ်ခဲ့တဲ့ ဆိုလာမျိုးကိုလည်း ထည့်သွင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အနာဂတ်မှာ Generation Mixed ဟာ ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်ကို မျှတအောင်ထိန်းညှိမယ့် အစီအမံတွေကို ဆောင်ရွက်သွားပါ့မယ်။

**ဒေါက်တာအောင်ထွန်းသက် ။** ။ ဓာတ်အားပြောင်းလဲတာကိုပဲ စဉ်းစားနေတာ မဟုတ်ဘူး။ subsidy reform မဟုတ်ပါဘူး၊ sector reform ပါ။ ကဏ္ဍကြီးတစ်ခုလုံး ပြုပြင်ပြောင်းလဲတာပါ။ ဖြစ်နိုင်ရင်တော့ renewable source တွေ၊ မဟုတ်ရင် non renewable source တွေ၊ အခုဖြစ်နေတာက Clean Energy ၊ Green Energy ပြောနေတယ်။ နိုင်ငံတော်ကလည်း MSDP ၊ Project Bank တွေဆောင်ရွက်တယ်။ ဒုတိယဝန်ကြီး ခုနကဆွေးနွေးတဲ့အထဲမှာပါတဲ့ တင်ဒါတွေ ခေါ်တာလည်းပဲ Electricity Generation နဲ့ပတ်သက်ပြီး Project Bank ထဲမှာ ထည့်နိုင်ရင် ပိုကောင်းမှာပါ။ ပိုပြီး အရေးကြီးတာက ကိုယ့်နိုင်ငံအတွက် ရေရှည်အတွက် စဉ်းစားရင် Clean Energy၊ Green Energy ကို အားပေးတဲ့နိုင်ငံဖြစ်ရင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ လုပ်နေတာ Energy Friendly၊ Environment Friendly၊ Mixed ကတော့ ရှိရမှာပါပဲ။ အခုပြည်သူတွေက ကျောက်မီးသွေးကို ကန့်ကွက်ကြတယ်။ ယိုကိုဟားမားမှာလည်း ကျောက်မီးသွေးသုံးတယ်၊ ပဲရစ်မှာလည်း သုံးတယ်၊ ဂျာမနီမှာလည်း သုံးတယ်။ ကျောက်မီးသွေးသုံး နည်းပညာက မြင့်တယ်။ ဘာပဲဖြစ်ဖြစ် ဖြစ်နိုင်ရင်တော့ Sub-stainable Energy ကိုပဲ ဖြစ်စေချင်တယ်။ အကောင်းဆုံးပါ။ ရာသီဥတုကို အခြေခံတဲ့ ရေအားလျှပ်စစ်က စိတ်မချရရင် ဆိုလာမျိုးကို စဉ်းစားစေချင်တယ်။

*စာမျက်နှာ ၁၂ သို့*

# မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်းသည် လက်ရှိဖြစ်နေသည့် အခြေအနေကို ပိုမိုသိရှိပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် သင်ကြားပေးခြင်းဖြစ်

နေပြည်တော် ဇူလိုင် ၁၁

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း အမှတ်စဉ်(၁)၌ တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်းသည် ခေတ်ကာလအလျောက် ပေါ်ပေါက်လာသည့် သင်တန်းဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို ပိုမိုသိရှိနားလည်ပြီး ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ပြောင်းလဲနေသည့် ပတ်ဝန်းကျင်အနေအထားနှင့် အဆင်ပြေလိုက်လျောညီထွေဖြစ်အောင် အကောင်းဆုံးမလုပ်နိုင်ပါက ရှင်သန်နိုင်မည်၊ ရပ်တည်နိုင်မည် မဟုတ်သည့်အတွက် အမြဲတမ်းလေ့လာသင်ယူကြရမည်ဖြစ်ကြောင်း။

## အကျိုးရှိရှိအသုံးပြုရန်

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများက ဆောင်ရွက်နေသည့် လူထုအခြေပြုဗဟိုဌာနများ အောင်မြင်အောင် အကောင်အထည်ဖော်ရန်နှင့် အကျိုးရှိရှိအသုံးပြုသွားရန် လိုအပ်ကြောင်း၊ လူထုအခြေပြုဗဟိုဌာနများတွင် ပြည်သူ့စကားဝိုင်းများ၊ စာဖတ်ဝိုင်းများ ဆောင်ရွက်နေကြောင်း၊ ထို့ပြင် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးစသည့် အရေးပါသည့် ကိစ္စရပ်များအပြင် အခြားကိစ္စရပ်များကိုလည်း လူထုအခြေပြုဗဟိုဌာန၌ လာရောက်ညှိနှိုင်းတိုင်ပင်ဆွေးနွေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

သတင်းရေးသားရာတွင် အကြောင်းအရာ၊ အချက်အလက် မှန်ကန်ရန်လိုအပ်ကြောင်း၊ စာနယ်ဇင်းကျင့်ဝတ် (သို့မဟုတ်) စာနယ်ဇင်းသမားကောင်းများ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာရန်လိုအပ်ကြောင်း၊ ယခုအခါ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်းကို သင်ကြားပို့ချပေးရခြင်းမှာ သတင်းများတွင်ပါဝင်သည့် အချက်အလက်များကို သေချာစွာ ခွဲခြမ်းစိတ်ဖြာပြီး စိစစ်အတည်ပြုချင့်ချိန်ယုံကြည်တတ်ရန်ဖြစ်ကြောင်း၊ ဒီမိုကရေစီ၏ အနှစ်သာရတစ်ခုဖြစ်သော ပြည်သူကိုကိုယ်စားပြုသည့် စနစ်ကိုပြသသော ရွေးကောက်ပွဲကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ဖြစ်စေရန်နှင့် အများပြည်သူက စိတ်ပါဝင်စားပြီး ရွေးကောက်ပွဲတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်လာစေရန်လည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်းအမှတ်စဉ် (၁) ၌ တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံစဉ်။** သတင်းစဉ်

## ရှင်းလင်းတင်ပြ

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများမှ သတင်းပေးပို့မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြည်သူ့စကားဝိုင်းများ၊ စာဖတ်ဝိုင်းများနှင့် လူထုအခြေပြုဗဟိုဌာနများတွင် လှုပ်ရှားဆောင်ရွက်နိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သင်တန်းသားများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူထုအခြေပြုဗဟိုဌာနများကို အခြေပြုပြီး ဆောင်ရွက်နေသည့် လှုပ်ရှားမှုများ၊ ပြည်သူ့စကားဝိုင်းများ၊ ကျေးလက်စကားဝိုင်းများ၊ စာဖတ်ဝိုင်းများ ကျင်းပပေးနေမှုနှင့် လုပ်ငန်းအခက်အခဲများကို တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် အမြဲတမ်း အတွင်းဝန် ဦးမျိုးမြင့်မောင်တို့က အခြားသော ဌာနဆိုင်ရာများနှင့် ပိုမိုချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်နိုင်ရေး၊ ခေတ်နှင့်လျော်ညီသည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြသည်။

## ပြန်လည်သုံးသပ် ဆွေးနွေး

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်းကို ဇူလိုင် ၈ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်သင်တန်းကျောင်း (ဒက္ခိဏ)၌ ဖွင့်လှစ် သင်ကြားပေးလျက်ရှိပြီး တိုင်းဒေသကြီး၊ ပြည်နယ် ပြန်/ဆက်ရုံးများမှလက်ထောက်ညွှန်ကြားရေးမှူး ၁၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မြေပုံမြို့နယ်အတွင်းရှိ ပြန်လည်နေရာချထားရေးစခန်းတွင် နေထိုင်သူများနှင့်တွေ့ဆုံ

မြေပုံ ဇူလိုင် ၁၁

**ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener နှင့်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်တို့နှင့်အတူ ယနေ့တွင် ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်းရှိ ပြန်လည်နေရာချထားရေးစခန်းတွင် နေထိုင်သူများနှင့် တွေ့ဆုံသည်။**

ရှေးဦးစွာ အထူးကိုယ်စားလှယ်နှင့် အဖွဲ့သည် ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာခဲ့ရပြီး ယခုအခါ နိုင်ငံတော်က အိမ်ရာများ ပြန်လည် တည်ထောင်ပေးခဲ့ကာ အခြေချနေထိုင်လျက်ရှိသည့် ရခိုင်တိုင်းရင်းသားများကို မြေပုံမြို့ ကံသာထွက်ဝရပ်ကွက်ရှိ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံ၍ နေထိုင်စားသောက်မှု အခြေအနေများ၊ လိုအပ်ချက်များကို မေးမြန်း၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ပိုမိုကောင်းမွန်စေရေး အတွက် အားပေးစကား ပြောကြားသည်။

ထို့နောက် အထူးကိုယ်စားလှယ်နှင့် အဖွဲ့သည် မြေပုံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ရခိုင်အမျိုးသမီးငယ်များအဖွဲ့နှင့် တွေ့ဆုံသည်။

ဆက်လက်၍ အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးတို့နှင့်အတူ မြေပုံမြို့ တောင်ပေါ်ရပ်ကွက်ရှိ IDP စခန်းသို့ သွားရောက်၍ နေထိုင်စားသောက်မှုအခြေအနေများ၊ ပညာသင်ကြားနေမှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို တွေ့ဆုံမေးမြန်းသည်။

ထို့နောက် အထူးကိုယ်စားလှယ်နှင့် အဖွဲ့သည် အဆိုပါ IDP စခန်းရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ စင်တာ၌ စခန်းရှိ အမျိုးသမီးနှင့် မိန်းကလေးငယ်များအား တွေ့ဆုံသည်။

ယင်းနောက် မြေပုံမြို့မှ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိပြီး စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်လွှတ်တော်သို့ သွားရောက်၍ ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့်တွေ့ဆုံပြီး Royal Sittwe Hotel ၌ စစ်တွေမြို့ရှိ အမျိုးသမီးအဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

**သတင်းစဉ်**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ မြေပုံမြို့ ကံသာထွက်ဝရပ်ကွက်ရှိ ရခိုင်တိုင်းရင်းသားများနှင့် တွေ့ဆုံစဉ်။



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ မြေပုံမြို့ တောင်ပေါ်ရပ်ကွက်ရှိ IDP စခန်း၌ နေထိုင်သူများနှင့် တွေ့ဆုံစဉ်။

# တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် မြန်မာနိုင်ငံ၏ ဒေသတွင်း မဟာဗျူဟာတန်ဖိုး အလှည့်အပြောင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၁**

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် မြန်မာနိုင်ငံ၏ ဒေသတွင်း မဟာဗျူဟာတန်ဖိုး အလှည့်အပြောင်းခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို ဇူလိုင် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)ရှိ ရွှေဥဒေါင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ မြန်မာ့ရေးရာလေ့လာရေးအဖွဲ့ (Centre for Myanmar Affairs Studies) က မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်ကို အထောက်အပံ့ဖြစ်စေမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများတွင် ပြည်သူများအကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ချက်ဖြင့် ပုံမှန်ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် တရုတ်-မြန်မာ စီးပွားရေး စင်္ကြံလမ်းမ (China-Myanmar Economic Corridor- CMEC) ကို နှစ်နိုင်ငံအစိုးရများ၏ သဘောတူညီချက်ဖြင့် စတင် အကောင်အထည်ဖော်ခြင်းသည် မြန်မာနိုင်ငံ၏ ဒေသတွင်း မဟာဗျူဟာတန်ဖိုးအလှည့်အပြောင်းကို ဆောင်ကြဉ်းပေးနိုင်ကြောင်း တွေ့မြင်ရသဖြင့် ၎င်းအခွင့်အလမ်းကို အမိအရဆုပ်ကိုင်နိုင်ရန် ကြိုးစားသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်လမ်းကြောင်း မဟာဗျူဟာစီမံကိန်း (Belt and Road Initiative-BRI) ဖော်ဆောင်မှုနှင့် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းမှုတို့ တိုက်ဆိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့မှ နှစ်နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ပြီး အခွင့်အလမ်းစာမျက်နှာသစ် ဖွင့်လှစ်ရန် ဖြစ်ပေါ်လာကြောင်း စသည်ဖြင့် ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြိမ်နှုန်းရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၁၈ ရက်တွင် ရုံတင်ပြသမည်

**ရန်ကုန် ဇူလိုင် ၁၁**

ဒါရိုက်တာထုတ်လုပ်သူအသစ်နှင့် သရုပ်ဆောင်သစ်လူငယ်များက အကယ်ဒမီဝါရင့်သရုပ်ဆောင်နှစ်ဦး၏ အားပေးဖြည့်ဆည်းမှုများနှင့်အတူ ရိုက်ကူးထားသည့် ကြိမ်နှုန်းရုပ်ရှင်ဇာတ်ကားကို ဇူလိုင် ၁၈ ရက်တွင် ရုံတင်ပြသမည်ဖြစ်ပြီး ရုပ်ရှင်အထူးပြပွဲကို ယမန်နေ့ညက ရန်ကုန်မြို့ Junction City (JCGV) အဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့သည်။

ကြိမ်နှုန်းဇာတ်ကားတွင် အကယ်ဒမီထွန်းအိန္ဒြာဗို၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ ငှက်ပျောကြော်၊ ကိုကိုဦးတို့နှင့်အတူ လူငယ်သရုပ်ဆောင် ၁၀ ဦးကျော်ပါဝင်သရုပ်ဆောင်ထားပြီး SY ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သူနှင့် ဒါရိုက်တာ ကိုခန့်မာန်ထည်၏ ပထမခြေလှမ်းအဖြစ် ပြင်ဦးလွင်ရှိ Governor House တွင် သည်းထိတ်ရင်ဖို ဇာတ်ကားအဖြစ် ကြိုးပမ်းရိုက်ကူးထားသည်။

"ဒီဇာတ်ကားထဲမှာ ကျွန်မက ပရလောကလူတစ်ယောက်အနေနဲ့ သရုပ်ဆောင်ရတာပါ၊ ဘုရားဟောတရားတွေထဲမှာဆို ၃၁ ဘုံက ပြိတ္တာဘုံသားတွေပေါ့၊ ဒါရိုက်တာနဲ့ သရုပ်ဆောင်အသစ်လေးတွေရဲ့ ဇာတ်ပါ၊ ကျွန်မနဲ့ အူဝဲက ဇာတ်ကားမှာ အားဖြည့်ပေးထားတာပါ၊ အသစ်လေးတွေကတော့ ကြိုးစားထားတာ တွေ့ရပါတယ်။ ဒါရိုက်တာကလည်း အသေးစိတ်ကြိုးစားထားပါတယ်။ အခု အနုပညာလောကမှာ လူငယ်တွေ အများကြီးပဲ တက်လာတယ်။ အားလုံးကို ကြိုဆိုပါတယ်။ ဒီဇာတ်ကားက သရဲကားကြိုက်တဲ့ ပရိသတ်အတွက်တော့ ကြိုက်နှစ်သက်လိမ့်မယ်လို့ မြင်ပါတယ်" ဟု အကယ်ဒမီ ထွန်းအိန္ဒြာဗိုက ပြောသည်။

ကြိမ်နှုန်းရုပ်ရှင်လက်မှတ် ခြောက်စောင်အဖွဲ့လိုက် ဝယ်ယူကြည့်ရှုသူများကို ပြင်ဦးလွင်မြို့ Governor House သို့ကံစမ်းမဲ ရွေးချယ်လည်ပတ်ခွင့်ရနိုင်မည်ဟု သိရသည်။

**သန့်ဇင်ဝင်း**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**လီဗာပူးအသင်းနှင့် နှစ်ရှည်စာချုပ်ချုပ်ဆိုလိုက်သည့် အိုရီဂီ**

တိုက်စစ်ကစားသမား အိုရီဂီသည် လီဗာပူးအသင်းနှင့် နှစ်ရှည်သက်တမ်းတိုး စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ၂၀၁၄ ခုနှစ်တွင် လိုင်လီအသင်းမှ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သော အိုရီဂီ (၂၄နှစ်) သည် လီဗာပူးအသင်းအတွက် ၉၇ ပွဲကစားထားပြီး ၂၈ ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။

**ကွန်ဆာကို ခေါ်ယူလိုက်သည့် ဗီလာ**

တန်းတက်အက်စ်တွန်ဗီလာအသင်းသည် ဘရန့်ဖို့ဒ်အသင်းမှ ခံစစ်ကစားသမား ကွန်ဆာကို ပေါင် ၁၂ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**မယ်ကွန်ကို ခေါ်ယူလို**

အာဆင်နယ်အသင်းသည် ဘာစီလိုနာတောင်ပံကစားသမား မယ်ကွန် (၂၂နှစ်) ကို ခေါ်ယူလိုနေကြောင်း၊ အဆိုပါ ကစားသမားကို အဲဗာတန်အသင်းက ပေါင် ၃၁ ဒသမ ၅ သန်းဖြင့် ကမ်းလှမ်းထားကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**အယ်လ်ဒါဝီရယ်ကို ခေါ်ယူရန် စိတ်ဝင်စား**

ရိုးမားအသင်းသည် တော့တင်ဟမ်ခံစစ်ကစားသမား အယ်လ်ဒါဝီရယ် (၃၀နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဖေဘီယန် ဒဲလ်အား ဆက်လက်ထိန်းထားလို**

မန်စီးတီးအသင်းသည် အင်္ဂလန်ကွင်းလယ်ကစားသမား ဖေဘီယန်ဒဲလ်အား ဆက်လက်ထိန်းထားလိုကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ရှန်ဟိုင်းအသင်း၏ ကမ်းလှမ်းမှုတစ်ရပ်အား ပယ်ချခဲ့သည့် မာတာ**

မန်ယူအသင်းမှ စပိန်ကွင်းလယ်ကစားသမား ဂျွန်မာတာ (၃၁နှစ်) သည် မန်ယူနှင့် စာချုပ်သစ်ချုပ်ဆိုနိုင်ရန်အတွက် တရုတ်ကလပ် ရှန်ဟိုင်းအသင်းက ၎င်းအား တစ်ပတ် ပေါင် ငါးသိန်းခွဲဖြင့် ကမ်းလှမ်းမှုတစ်ရပ်ကို ပယ်ချခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**



**အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံများမှ အားကစားအဖွဲ့ခေါင်းဆောင်များ၏ ဒုတိယအကြိမ် အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ၌ ဇူလိုင် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၂)မှ ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထက်မွန် တို့အား ဇူလိုင် ၁၀ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။** အေကေလင်း

*❄ ကျောဖုံးမှ*

ဇူလိုင် ၁၂ ရက်တွင် ကစားမည့် MNL ယူ-၂၁ ပွဲစဉ် ပြီးဆုံးပါက အပြီးသတ်လူစာရင်းကို ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဇူလိုင် ၁၆ ရက်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာမည်ဖြစ်ပြီး ဇူလိုင် ၁၇ ရက်တွင် ဂျပန်နိုင်ငံ၌ စတင်လေ့ကျင့်ကာ ပထမဆုံးခြေစမ်းပွဲအဖြစ် ဇူလိုင် ၁၈ ရက်တွင် ဆီရိုဇိုအိုဆာကာ ယူ-၁၈ အသင်းနှင့်စတင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် နောက်ထပ်ခြေစမ်းပွဲများ အဖြစ် ဇူလိုင် ၂၁ ရက်တွင် အိုဆာကာဆန်ဂျိုတက္ကသိုလ် အသင်း၊ ဇူလိုင် ၂၄ ရက်တွင် ဟာနန်တက္ကသိုလ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု (က) တွင် အင်ဒိုနီးရှား၊ လာအို၊ တီမော၊ ဖိလစ်ပိုင်၊ ဘရူနိုင်းတို့နှင့် ကျရောက်နေသည်။

၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် မြန်မာ ယူ-၁၈ အသင်းတွင် **နည်းပြချုပ်** ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ**-ဦးမင်းမင်းထွန်း၊ **ဂိုးနည်းပြ**-ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုးသမား**-ပြည့်ဖြိုးသူ၊ နေလင်းထက်၊ စောထက်၊ **နောက်တန်း**-ညဏ်လင်းထက်၊ ဝေယံစိုး၊ သက်ဟိန်းစိုး၊ မျိုးကိုကိုလင်း၊ စောထောနေမူး၊ စည်သူမိုးခန့်၊ ရှင်းသန့်အောင်၊ ကောင်းခန့်ကျော် (၁)၊ ရဲထက်အောင်၊ **အလယ်တန်း**-ရန်ကျော်စိုး၊ နောင်နောင်စိုး၊ ရန်နိုင်လင်း၊ ဇော်ဝင်းသိန်း၊ ရဲမင်းကျော်၊ လမင်းထွေး၊ ဩဘာခ၊ မိုးဆွေ၊ အောင်ကိုဦး၊ သူရအောင်၊ ပြည့်ဖြိုးအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ **ရှေ့တန်း**-စောကျော်အဲ၊ ညီညီ၊ ကောင်းခန့်ကျော် (၂) နှင့် ကောင်းဇင်မိုးတို့ပါဝင်နေသည်။ မြန်မာ ယူ-၁၈ အသင်းသည် အာဆီယံပြိုင်ပွဲ အပြီးတွင် နိုဝင်ဘာ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၀ အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် ဆက်လက်ပြင်ဆင်မည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# (၃၃) ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲအတွက် လက်ရွေးစင်လူရွေးပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း မွန်ဂိုလီးယား၌ စက်တင်ဘာ ၁၂ ရက်မှ ၁၈ ရက် အထိ ကျင်းပမည့် (၃၃) ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် လက်ရွေးစင်အားကစားသမားများ ရွေးချယ်ပွဲကို ဇူလိုင် ၂၇ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့တော်စည်ပင်အားကစားဝင်း ကာယဗလလေ့ကျင့်ရေးစခန်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ၂၀၁၉ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ပြိုင်ပွဲမှ အမျိုးသား အမျိုးသမီး ပထမ၊ ဒုတိယ၊ တတိယရရှိသူများ၊ (၁၆) ကြိမ်မြောက် အရှေ့တောင် အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများနှင့် အာရှနှင့်ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့သည့် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲဝင် အားကစားသမားများသည် တားမြစ်ဆေးဝါးသုံးစွဲမှု ကင်းစင်ရမည်ဖြစ်ပြီး လက်ရွေးစင်အဖြစ် ရွေးချယ်ခံရပြီးဆေးစစ်ဆေးမှု ခံယူရာတွင်တားမြစ်ဆေးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိပါက ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

**အာကာစိုး**

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ဆက်လက်ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၁**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) ကို ဇူလိုင် ၁၃၊ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၁၆) အဖြစ် ဇူလိုင် ၁၃ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရတနာပုံအသင်း၊ ပုသိမ်ကွင်း၌ ရောဝတီအသင်းနှင့် ဒဂုံအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ရခိုင်အသင်း၊ ဇူလိုင် ၁၄ ရက်တွင် သုဝဏ္ဏကွင်း၌ Chinland အသင်းနှင့် စစ်ကိုင်းအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ဇွဲကပင်အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

*စာမျက်နှာ ၁၀ မှ*

**ဦးကိုကို(စက်မှုတက္ကသိုလ်)** ။ ။ **ကျွန်တော်တို့က ဒီနေ့ အများကြီး ဆွေးနွေးခဲ့ပါပြီ။ ဒါကြောင့် အဆုံးသတ်အနေနဲ့ ဆွေးနွေးအကြံပြုချင်တာတွေရှိရင်လည်း ပြောကြားပေးကြပါ။**

**ဒေါ်ခိုင်ခိုင်နွယ်** ။ ။ ကျွန်မကတော့ လုပ်ငန်းရှင်လည်း ဖြစ်တယ်။ လုပ်ငန်းရှင်တွေဘက်က ပြောရရင်တော့ ကိုယ့်လုပ်ငန်းကို အောင်မြင်အောင်၊ ကိုယ့်လုပ်ငန်းနဲ့ သက်ဆိုင်တဲ့ sector အောင်မြင်အောင် လုပ်ချင်ကြတယ်။ ကိုယ့်လုပ်ငန်းအောင်မြင်သလို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများကြီး လုပ်ပေးချင်တဲ့ သူတွေပါ။ နိုင်ငံအနေနဲ့ Industrialization သွားတယ်၊ Value Chain သွားကြတဲ့အခါ အခြေခံအဆောက်အအုံအတွက်ကတော့ လျှပ်စစ်ကတော့ မရှိမဖြစ်လိုအပ်တာပါ။ လျှပ်စစ်ပိုင်းဆိုင်ရာက အပြည့်အဝရခဲ့ရင် ဒါထက်ကို တိုးချဲ့ပြီး လုပ်နိုင်မှာပါ။ ဒီအတွက် ဒုတိယဝန်ကြီးတို့အနေနဲ့ ကာလတိုနဲ့ လုပ်ပေးဖို့ ဆွေးနွေးချင်ပါတယ်။

**ထက်ထက်ထွန်း** ။ ။ ကျွန်မအနေနဲ့ ပြည်သူတွေဘက်က မီတာခတိုးပြီး ကောက်ခံတာနဲ့ ရင်ဆိုင်နေရတယ်။ ဒါပေမယ့် ဒီနေ့မှာ ဆွေးနွေးကြတဲ့အခါ နိုင်ငံတစ်ခုလုံးအတွက် ကိုယ့်သုံးနေရတဲ့ ပမာဏတစ်ခုကို နည်းနည်းထပ်တိုးပြီးတော့ ပေးလိုက်ရတဲ့သဘောဖြစ်တာမို့ ဒါကိုအကောင်းဆုံး လက်ခံနိုင်ဖို့ ပြည်သူတွေအနေနဲ့ ကြိုးစားရတော့မှာပါ။ တကယ်လည်း ကိုယ်သုံးခဲ့တာဖြစ်တဲ့အတွက် လက်မခံလို့လည်း မရတော့ဘူး။ ပြည်သူတွေအနေနဲ့ ဒီပြဿနာကို အကောင်းဆုံးဖြေရှင်းနိုင်ဖို့အတွက် အချက်တစ်ခုက မီတာခကို အများကြီးမဆောင်ချင်ဘူးဆိုရင် အလေအလွင့်မရှိအောင် ဘယ်လိုသုံးစွဲရမယ်ဆိုတဲ့ အတွေးမျိုး ပြည်သူတွေဆီ ရောက်ရှိစေချင်ပါတယ်။

အလေ့အလွင့်ဖြစ်စေတာမျိုး အကျင့်ပါနေတာမျိုးရှိပါတယ်။ မီတာခ အများကြီး မဆောင်ချင်ပေမယ့် မလိုအပ်ဘဲ လေအေးပေးစက်တွေ ဖွင့်ထားတာ၊ ကွန်ပျူတာတွေဖွင့်ထားတာ ဒါမျိုးတွေရှိပါတယ်။ ဒါကြောင့် အလေအလွင့်မရှိဘဲ သေချာစိစစ် သုံးစွဲတတ်အောင် ဒုတိယဝန်ကြီးအနေနဲ့ ပြည်သူတွေကို ဘယ်လိုသတင်းစကား ပေးချင်တာရှိပါသလဲ။ ဒါကလည်း ဖြေရှင်းတဲ့နည်းထဲမှာ တစ်ချက်အဖြစ်ပါမယ် ထင်ပါတယ်။

**ဒုတိယဝန်ကြီး** ။ ။ ဝန်ကြီးဌာန၊ အစိုးရဆိုတာလည်း တကယ်တော့ ပြည်သူပါပဲ။ ပြည်သူတွေရဲ့ နေ့စဉ်နေမှု၊ ထိုင်မှု အားလုံး အဆင်ပြေဖို့ လုပ်တဲ့အခါ လျှပ်စစ်ဆိုတာ အဆင်ပြေစေဖို့ ဝင်ရောက်လုပ်ကိုင်ပေးတဲ့ ပြည်သူပါပဲ။ ဒီအခါမှာ ပြည်သူတွေအနေနဲ့ မီတာခတွေ အများကြီးမကျအောင် ကိုယ်သုံးစွဲတဲ့ အလေ့အထလေးတွေ မှန်မှန်ကန်ကန် နေထိုင်ဆောင်ရွက်ဖို့ အကြံပြုတာဖြစ်ပါတယ်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကနေ လျှပ်စစ်ဓာတ်အားကို ဘယ်လိုချွေတာသုံးစွဲရမလဲဆိုတာ အကြံပြုချက်ကို ထုတ်လွှင့်ပေးနေတာရှိပါတယ်။ လိုက်နာဆောင်ရွက်ဖို့ ခက်ခဲမှု မရှိပါဘူး။ လျှပ်စစ်ကို မသုံးဘဲ ချွေတာပါလို့ ပြောတာမဟုတ်ပါဘူး။ လျှပ်စစ်ကို သုံးပါ။ ဒါပေမယ့် မဖြုန်းပါနဲ့။ လွဲတဲ့အသုံးမျိုး ဖြစ်မနေစေချင်တာ ဖြစ်ပါတယ်။

နောက်တစ်ခုအနေနဲ့ စက်မှုလုပ်ငန်းရှင်တွေကို အကြံပြုချင်တာက စက်မှုလုပ်ငန်းကဏ္ဍမှာသုံးတဲ့ လျှပ်စစ်ပစ္စည်းတွေ ဝယ်ယူတဲ့အခါ Energy Efficiency ကောင်းတဲ့ စက်တွေ ရွေးဖို့ အင်မတန်အရေးကြီးတယ်လို့ ဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဓာတ်အားခန့်မှန်းထားတွေ အပြောင်းအလဲလုပ်ပြီးတော့ Save လုပ်နိုင်မယ့်ဝင်ငွေကနေ တစ်နိုင်ငံလုံးအတွက် ဓာတ်အားပေးစက်ရုံတွေ တိုးချဲ့တည်ဆောက်ဖို့ သုံးစွဲသွားမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ပင်မဓာတ်အားခွဲရုံအသစ်တွေလည်း တည်ဆောက်ပေးရဦးမှာ ဖြစ်ပါတယ်။ ဒီပင်မဓာတ်အားခွဲရုံတွေ တိုးချဲ့တည်ဆောက်သွားမှာဖြစ်ပြီးတော့ Transmission လိုင်းတွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်အနှံ့ကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားမှာပါ။ ဒီဘဏ္ဍာရန်ပုံငွေတွေကို အလေအလွင့်မရှိဘဲ နိုင်ငံအတွက် အဓိကကျတဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်သွားပေးဖို့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်သွားမှာပါ။ အနာဂတ်မျိုးဆက်သစ်တွေအတွက် လျှပ်စစ်နဲ့ ပတ်သက်ပြီး ပြည့်စုံအောင် အဓိကထားပြီး ဖြေရှင်းသွားဖို့ ရည်ရွယ်ကြိုးပမ်းနေတာ ဖြစ်ပါတယ်။

**ဒေါက်တာအောင်ထွန်းသက်** ။ ။ ဒီနေ့ဆွေးနွေးပွဲမှာ လျှပ်စစ်ဓာတ်အား ပြောင်းလဲတာနဲ့တင်မကဘူး။ Sectoral Reform အတွက်ပါ ဆွေးနွေးနိုင်ခဲ့တယ်။ နောက်ဆုံးချုပ်ရမှာကတော့ ပြည်သူတွေ တစ်ဦးတစ်ယောက်ချင်းကလည်း တာဝန်ယူဖို့လိုတယ်၊ တာဝန်သိဖို့ လိုပါတယ်လို့လည်း ဆွေးနွေးချင်ပါတယ်။ အဓိက လျှပ်စစ်နဲ့ ပတ်သက်လာရင် သုံးကြပါ၊ မဖြုန်းကြပါနဲ့ဆိုတဲ့ သတင်းစကားနဲ့ အဆုံးသတ်ချင်ပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်)** ။ ။ **အခုလို လာရောက်ဆွေးနွေးကြတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။**

**ရှင်မင်း**

# A(H1N1)pdm 09 ဖြစ်ပွားမှု နိုင်ငံတစ်ဝန်းသေဆုံးသူ ၄၁ ဦးထိရှိလာဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှသိရ

**ရန်ကုန် ဇူလိုင် ၁၁**

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၁၁ ရက်ထိ ရန်ကုန်တိုင်းဒေသကြီးတွင် သေဆုံးလူနာ လေးဦးရှိလာပြီး နိုင်ငံတစ်ဝန်းသို့ ရာသီတုပ်ကွေးရောဂါ A(H1N1)pdm 09 ဖြစ်ပွားမှုမှ သေဆုံးသူ ၄၁ ဦးအထိရှိလာပြီဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၏ ဓာတ်ခွဲအတည်ပြုမှုသေဆုံးစာရင်းများအရ သိရသည်။

ဇူလိုင် ၁၀ ရက်အထိ နိုင်ငံနှင့်တစ်ဝန်း သေဆုံးလူနာ ၃၇ ဦးရှိခဲ့ပြီး ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် သေဆုံးလူနာ တစ်ဦး၊ မှော်ဘီမြို့နယ်တွင် သေဆုံးလူနာတစ်ဦး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် သေဆုံးလူနာ တစ်ဦး၊ မင်္ဂလာဒုံမြို့နယ်တွင် သေဆုံးလူနာတစ်ဦးတို့ရှိနေရာ ဓာတ်ခွဲအတည်ပြုချက်အရ ရာသီတုပ်ကွေးရောဂါ A(H1N1)pdm 09 ကြောင့်သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ သေဆုံးမှုများသည် ယခုနှစ် မေလမှစတင်ကာ ဇူလိုင် ၁၁ ရက်အထိ ရှိနေကြောင်း သိရသည်။

"ဒီမိုးရာသီ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတွေက တုပ်ကွေးရာသီလည်းဖြစ်ပါတယ်။ ဒီရာသီတွေနဲ့ ဒီလတွေမှာရှေ့ဆက်ပြီးတော့ ရောဂါဖြစ်ပွားနှုန်းတွေက များလာနိုင်သေးတယ်။ ဒီ A( H1N1) အဖြစ်များခဲ့တဲ့ ၂၀၁၇ ခုနှစ်ကလည်း ဒီလိုမိုးရာသီ နှစ်လလောက်က အတော်များများကို ဖြစ်ခဲ့တယ်။ ဒါက မိုးရာသီအကုန် ဇူလိုင်လကုန်ပိုင်းလောက်ဆိုရင်တော့ ဖြစ်ပွားမှုနှုန်း လျော့လာမယ်လို့ ခန့်မှန်းပါတယ်။ အခုက စိုစွတ်တော့ ပိုးကပိုမိုပေါက်ဖွားနိုင်တယ်ပေါ့။ အခုထပ်ဖြစ်နေတဲ့ Infuenza B နဲ့ H3 ရောဂါတွေလည်း တွေ့ရတယ်။ ဒါကိုတော့ ပြည်သူတွေအနေနဲ့ မကြောက်ကြပါနဲ့လို့ ပြောချင်တယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေး/ကူးစက်အဖွဲ့ခေါင်းဆောင် ဒေါက်တာရဲလင်းနိုင်က ပြောသည်။

ယခုအချိန်အခါတွင် နိုင်ငံနှင့်တစ်ဝန်းရာသီတုပ်ကွေးရောဂါ A(H1N1) pdm 09 သံသယဖြင့် ဓာတ်ခွဲစစ်ဆေးသူ ၅၅၅ ဦး ထိ ရှိလာပြီး ပိုးတွေ့လူနာသည် ၂၀၇ ဦးအထိ ယခင်ထက် တိုးလာနေကြောင်း သိရသည်။

အဆိုပါ ရာသီတုပ်ကွေးရောဂါ A(H1N1)pdm 09 ဖြစ်ပွားနှုန်းသည် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၁၁ ရက်အထိ အသက် ၁၅ နှစ် မှ ၆၅ နှစ်အကြား ၄၉ ရာခိုင်နှုန်း၊ အသက် ၁ နှစ်မှ ၅ နှစ်အထိ ၁၇ ရာခိုင်နှုန်း၊ အသက် ၆၅ နှစ်အထက်တွင် ၁၄ ရာခိုင်နှုန်း၊ အသက် ၅ နှစ်မှ ၁၅ နှစ်တွင် ၁၁ ရာခိုင်နှုန်း၊ အသက် ၁ နှစ်အောက်တွင် ၈ ရာခိုင်နှုန်းဖြစ်ပွားနေကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၏ ဓာတ်ခွဲအတည်ပြုချက်အရ သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# လူကုန်ကူးမှုပြုလုပ်သူများအား ဖမ်းဆီးရမိ

**ကျိုင်းတုံ ဇူလိုင် ၁၁**

ထိုင်းနိုင်ငံ ဗန်ကောက်၌ အလုပ်လုပ်နေသည့် အသက် (၃၄နှစ်) အရွယ် မြန်မာနိုင်ငံမှ မ---အား မိုင်းလားမြို့နေ အသက် (၃၆နှစ်) အရွယ် သိန်းထိုက်က ဖေ့စ်ဘုတ်မက်စင်ဂျာမှ ယုံကြည်အောင် ပြောဆိုပြီးနောက် သမီးရည်းစားဖြစ်ခဲ့သည်။

ဇွန် ၉ ရက်တွင် မ---ကို လက်ထပ်မည်ဟု သိန်းထိုက်ကပြောဆိုပြီး မိုင်းလားသို့ ခေါ်ကာ တရုတ်နိုင်ငံသားတစ်ဦး၏ ဇနီးမယားအဖြစ် ငွေကျပ်သိန်း ၄၀ ဖြင့် ရောင်းခဲ့သည်။ မ---သည် လူကုန်ကူးခံရသည့် ဇူလိုင် ၂ ရက်တွင် မိုင်းလားမြို့ တည်းခိုခန်းတစ်ခုမှ ကျိုင်းတုံမြို့ အမှတ် (၁၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုထံ ဖုန်းဆက်အကူအညီတောင်းခံခဲ့သည်။

"ဇူလိုင် ၃ ရက် နံနက်ပိုင်းမှာ တည်းခိုခန်းကနေ မ---- ထွက်နိုင်ပြီး ညနေပိုင်းမှာ ကျိုင်းတုံကို ရောက်တယ်။ သတင်းရပြီး ၂၄ နာရီအတွင်း ကယ်ထုတ်နိုင်ခဲ့တယ်"ဟု ကျိုင်းတုံမြို့အမှတ် (၁၈) လူကုန်တားတပ်ဖွဲ့စုမှူး ရဲမှူးမီမီကိုက ပြောသည်။ ယင်းနောက် ဇူလိုင် ၅ ရက်တွင် လူကုန်ကူးမှုပြုလုပ်သူ သိန်းထိုက်အား ကျိုင်းတုံလေဆိပ်၌ ဖမ်းမိခဲ့ပြီး ၎င်းတို့နှင့် ကြံရာပါ ဦးဖြိုး ဆိုသူကို တာပင်းကျေးရွာ၌ ဖမ်းဆီးရမိသည်။

ဆက်လက်၍ လူကုန်ကူးမှု၌ ပါဝင်သူတစ်ဦးဖြစ်သည့် မမိုးယုကို သက်ဆိုင်ရာများ ပူးပေါင်းမှုဖြင့် ဇူလိုင် ၉ ရက်တွင် မိုင်းလားမြို့တွင် ဖမ်းဆီးရမိသည်။ မမိုးယု(ခ) စောမာလာ (ခ) မီးမီး (၂၅ နှစ်) သည် ယခင်က ပြစ်မှုများရှိခဲ့ပြီး မြောင်းမြရဲစခန်း၊ ရန်ကုန်လှိုင်သာယာရဲစခန်းတို့က အလိုရှိနေသူဖြစ်ကြောင်း သိရသည်။ ၎င်းတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေဖြင့် ကျိုင်းတုံမြို့မရဲစခန်း၌ အမှုဖွင့်ထားသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# ထပ်မံစစ်ဆေးပေါ်ပေါက်ချက်အရ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းနှင့်အဖွဲ့သည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ဝန်ဆောင်ခနှင့် တရားမဝင်သော အခြားအကျိုးခံစားခွင့်များ ရယူနေခြင်းအား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းသည် D1A အရက်လိုင်စင် လျှောက်ထားရန်ကိစ္စနှင့် စပ်လျဉ်း၍ ယစ်မျိုးလိုင်စင်ရရှိသူများထံမှ ငွေကျပ် ငါးသိန်း၊ ခေါင်ရည်လိုင်စင် CFl-2 ကိစ္စကူညီရန်အတွက် ငွေကျပ် ၁၅၀၀၀၀၊ သကြံန်အတွက်ဟု အကြောင်းပြ၍ ယစ်မျိုးလိုင်စင်ရရှိသူထံမှ ငွေကျပ် နှစ်သိန်းတို့ကို လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ တရားစွဲဆိုရန် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ သီးခြားအမှုဖြင့် အရေးယူရန် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့မရဲစခန်းတွင် ပထမသတင်းပေးတိုင်ကြားချက် ထပ်မံဖွင့်လှစ်၍ တရားစွဲဆိုရန် ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**

# ဗဟန်းမြို့နယ်တွင် အငှားယာဉ်အား ခိုးယူသွားသူကို ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၁၁**

ဇူလိုင် ၉ ရက် ည ၈ နာရီခန့်တွင် တရားလို ကို----သည် YGN FF/---- Fielder (အငှားယာဉ်)အား မောင်းနှင်လာစဉ် တာမွေမီးပွိုင့်အနီးအရောက် အမျိုးသားတစ်ဦးက ကားငှားသဖြင့် ရပ်ပေးခဲ့ကြောင်း၊ အဆိုပါ အမျိုးသားက ကားကို ငါးနာရီခန့် အသုံးပြုမည် ဖြစ်ကြောင်းနှင့် ကလပ်သို့သွားမည်ဖြစ်ကြောင်းပြောကာ ငှားသဖြင့် လိုက်ပါခဲ့သည်။

ကားငှားသူ အမျိုးသားမှာ အမျိုးသမီးတစ်ဦးထံ ဖုန်းဆက်ပြီး မိန်းကလေး နှစ်ဦးအား ခေါ်ဆောင်ရန်အတွက် ကျားကွက်သစ်ရပ်ကွက် မြို့သစ်(၁) လမ်းသို့ မောင်းနှင်ခိုင်းပြီး ယင်းနေရာမှ အမျိုးသမီးနှစ်ဦးကို ခေါ်ဆောင်ကာ ကျိုက္ကဆံလမ်းရှိ Tri Star ဟိုတယ်သို့ မောင်းခိုင်းခဲ့ကြောင်း၊ ဟိုတယ်သို့ ရောက်ပြီး ကို---- အား စောင့်ခိုင်းကာ နှစ်နာရီခန့်အကြာတွင် ကားငှားသူ အမျိုးသားသည် အမျိုးသမီးနှစ်ဦးနှင့်အတူ ပြန်လည်ရောက်ရှိလာပြီး ကားသော့တောင်းသဖြင့် ကားသော့ပေးကာ မောင်းနှင်စေခဲ့ကြောင်း၊ ဗဟန်းမြို့နယ် ဖိုးစိန်လမ်းရှိ ကျော်ကာရာအိုကေဆိုင်သို့ မောင်းခဲ့ပြီး ကာရာအိုကေခန်းအတွင်း အတူထိုင်နေစဉ် ကားငှားစီးသူက ကားသော့အား စားပွဲပေါ်၌ တင်ထားကာ အပြင်သို့ ထွက်လိုက် ဝင်လိုက်ဖြင့် ဖုန်းပြောနေခဲ့ပြီးနောက် မိနစ် ၂၀ ခန့်ကြာသည်အထိ အခန်းအတွင်း ပြန်ရောက်မလာဘဲ စားပွဲပေါ်၌တင်ထားသော ကားသော့အား ကြည့်ရှုခဲ့ရာ မတွေ့ဘဲ ကားမှာလည်း မတွေ့ရှိတော့ကြောင်း၊ ထို့နောက် ၁၉၉ သို့ ဖုန်းဆက်၍ အကူအညီတောင်းခဲ့သဖြင့် ဗဟန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အခြားရဲစခန်းများမှ တပ်ဖွဲ့ဝင်များ ချိတ်ဆက်ကာ ကားကို လိုက်လံရှာဖွေခဲ့ရာ ကမာရွတ်မြို့နယ် ရတနာလမ်းအတွင်း တံခါးသော့များ လော့ချ၍ရပ်ထားသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်နှင့်ပတ်သက်၍ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူသည် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်နေ မောင်မောင်အေးမင်း(ခ)ကျော်ကျော်(**ဝဲပုံ**) ဖြစ်ကြောင်း သိရှိရ၍ အမှုဖြင့်ဖမ်းဆီးကာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

# တရုတ်သို့ မြန်မာမိန်းကလေးများ ရောင်းစားခဲ့သူများကို ထောင်ဒဏ် နှစ် ၂၀ ချမှတ်

**နေပြည်တော် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ၁၈/၁၄ ရပ်ကွက်နေ မအငယ်လေး(ခ) အေးမြတ်မွန် (၁)ဦးခင်ညို၊ ၈/၁၅ ရပ်ကွက်နေ မမာမာဦး(၁) ဦးစံသိန်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်နေ မစိုး(စိစစ်ဆဲ)၊ လားရှိုးမြို့ (၉) ရပ်ကွက်နေ မစုစုခိုင်ထွေး(စိစစ်ဆဲ)၊ သားငယ် (စိစစ်ဆဲ)၊ (၁၂)ရပ်ကွက်နေ မရှမ်းမ (ခ) ဒေါ်သန်းလှ (စိစစ်ဆဲ)နှင့် ခင်ပွန်းဖြစ်သူ ဦးထွန်းအောင် (စိစစ်ဆဲ) တို့သည် ၂၀၁၃ ခုနှစ် မတ် ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မ××× (၂၄နှစ်) ကိုလည်းကောင်း၊ မတ် ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မ××× (၁၉နှစ်) အားလည်းကောင်း တရုတ်နိုင်ငံတွင် အလုပ်အကိုင်ရမည်ဟု လိမ်လည်စည်းရုံးပြီး တရုတ်အမျိုးသားများထံ ရောင်းစားခဲ့မှု ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ဖြစ်ပေါ်ခဲ့သည့်အတွက် ပြစ်မှုကျူးလွန်သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး တရားစွဲတင်ပို့ခဲ့ရာ မမာမာဦးနှင့် မအငယ်လေး (ခ) အေးမြတ်မွန်တို့ကို မြောက်ပိုင်းခရိုင်တရားရုံးမှ အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်စီဖြင့် (၂) မှုအတွက် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ သီးခြားစီ ကျခံစေရန် ၂၀၁၉ ခုနှစ် မေ ၃၁ ရက်က အမိန့်ချမှတ်ခဲ့ကြောင်းနှင့် တိမ်းရှောင်တရားခံများကို တရားခံပြေး ကြေညာခဲ့ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား

၁၂-၇-၂၀၁၉ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
**၈း၃၀ - လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ(၁)**
၈း၃၅ - "ရှေးဟောင်းယဉ်ကျေးမှု အမွေပုဂံမြေ"
၈း၄၅ - "ကလေးစာဖတ်ခန်းများမှသည် အကောင်းမွန်ဆုံးသော ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆီသို့"
**၁၂း၃၀ - လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ(၂)**
၁၂း၃၅ - ပညာရေးစကားဝိုင်း "၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာ" (အပိုင်း-၃)
၁၅း၀၀ - "မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း"

**ညပိုင်း**

**၁၆း၂၀ - လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ(၃)**
၁၇း၀၅ - "နတ်မောက်မြေမှ ထာဝရမညှိုးပန်း"
၁၇း၅၀ - လျှော့ချင်ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့
၁၇း၅၅ - သက်ငယ်မှုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး
၁၈း၂၀ - BBC Click
၁၈း၃၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ချာလီဘ + ဒဏ္ဍာရီမိုး"
**၁၉း၁၅ - လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ(၄)**
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ(၁)**
- "ရှေးဟောင်းယဉ်ကျေးမှု အမွေ ပုဂံမြေ"
- သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (လျှော့ဘေးအန္တရာယ် အသိပညာပေးအစီအစဉ်)
- ပညာရေးစကားဝိုင်း "၂၀၁၉ ခုနှစ်၊ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မည့်စနစ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားခြင်းအကြောင်း သိကောင်းစရာ" (အပိုင်း-၄)

# တနိုင်းမြို့နယ်၌ မိုးအဆက်မပြတ်ရွာမှုကြောင့် ရေကျော်မှုဖြစ်

**တနိုင်း ဇူလိုင် ၁၁**

တနိုင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ယနေ့နံနက် ၆ နာရီအချိန် တိုင်းတာချက်အရ တနိုင်းချောင်းရေသည် မြို့နယ်၏ စိုးရိမ်ရေအမှတ် ၂၁ ပေထက် ကျော်လွန်၍ ၂၂ ပေတွင် ရောက်ရှိနေပြီး တရုံကျေးရွာအုပ်စု လဂျားဘွမ်ကျေးရွာအနီး မိုင်တိုင်အမှတ် (KM-၁၆၉ နှင့် ၁၇၁)ကြား လီဒိုလမ်းမပေါ် အရှည်ပေ ၃၅၀၀ ကျော်ခန့်နှင့် ရှင်လုံဂါးကျေးရွာအုပ်စု ပန္နက်ကျေးရွာအနီး မိုင်တိုင်အမှတ်( KM-၁၅၂ မှ ၁၅၆) ကြား လီဒိုလမ်းမပေါ် အရှည်ပေ ၅၀၀၀ ကျော်ခန့်၊ မကောကျေးရွာအုပ်စု လမုန်ကျေးရွာ နယ်မြေ(၅ )အပိုင်း မိုင်တိုင်အမှတ်(KM-၁၄၂ နှင့် ၁၄၄ ) ကြား အရှည်ပေ ၂၀၀၀ ကျော်ခန့်၊ တနိုင်းမြို့နယ် ဆင်မ်ဆာ့ရပ်ကွက် ကွက်သစ်ပိုင်း ဇေယျာသီရိဘုန်းတော်ကြီးကျောင်းရှေ့မိုင်တိုင်အမှတ်(KM- ၁၄၀ နှင့် ၁၄၁ ) ကြား အရှည်ပေ ၅၀၀ ကျော်ခန့် ရေကျော်မှုများဖြစ်ခဲ့ကြောင်း သိရသည်။

လမ်းရေကျော်လျက်ရှိသည့် နေရာများတွင် ပြည်သူများသွားလာနိုင်ရေးအတွက် တနိုင်းမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ဒေသရှိ စက်လှေငယ်များဖြင့် ဖြတ်ကူးသွားလာနိုင်ရေး ဆောင်ရွက်ပေးကြောင်း၊ ယာဉ်ကြီးယာဉ်ငယ် များမှာ သွားလာ၍ မရဘဲ ယာယီလမ်းကြောင်းပြတ်တောက်လျက်ရှိသဖြင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များနှင့် ကြက်ခြေနီအဖွဲ့များမှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တနိုင်း-မြစ်ကြီးနားလမ်းပိုင်းတွင် လမ်းရေကျော်မှုများ မရှိသဖြင့် လမ်းကြောင်းပြတ်တောက်မှုမရှိဘဲ ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း၊ ရေဘေးသင့်ပြည်သူများ ယာယီနေထိုင်နိုင်ရေး အတွက် ယာယီကယ်ဆယ်ရေးစခန်း လိုအပ်ပါက ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်းသိရသည်။ **မြို့နယ် ( ပြန်/ဆက် )**

# ပင်လယ်ကွေ့ဒေသအတွင်း  အီရန်က ဗြိတိန်ရေနံတင်သင်္ဘောကို ဟန့်တားရန်ကြိုးစားခဲ့

**လန်ဒန်  ဇူလိုင် ၁၁**

ပင်လယ်ကွေ့ဒေသအတွင်း၌ ဗြိတိန်ရေနံတင်သင်္ဘောတစ်စင်းကို အီရန်စစ်ဘက်ရေယာဉ်များက ဟန့်တားရန်ကြိုးစားခဲ့ကြောင်း ဗြိတိန်က ဇူလိုင် ၁၁ ရက်တွင် ပြောကြားခဲ့သည်။ သို့သော် ထိုသို့တားဆီးမှုကို ဗြိတိန်စစ်သင်္ဘောတစ်စင်းက အချက်ပြ သတိပေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံအပေါ် နောက်ထပ်အရေးယူပိတ်ဆို့မှုများ ထပ်မံလုပ်ဆောင်တော့မည်ဖြစ်ကြောင်း သတိပေးလာပြီးနောက် ယင်းဖြစ်ရပ်ပေါ်ပေါက်လာခဲ့သည်။ ကနဦးသတင်းဖော်ပြမှုများတွင် အီရန်စစ်ရေယာဉ်များက ဗြိတိန်ရေနံတင်သင်္ဘောကို ဖမ်းဆီးရန် ကြိုးပမ်းခဲ့သော်လည်း ဗြိတိန်တော်ဝင်ရေတပ်ဖွဲ့ စစ်သင်္ဘောတစ်စင်းက သတိပေးခဲ့ပြီးနောက် ရေယာဉ်များ ပြန်လည်မောင်းနှင်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အီရန်ရေယာဉ်များသည် British Heritageအမည်ရှိ ရေနံတင်သင်္ဘောတစ်စင်းကို ကြားဖြတ်ဟန့်တားရန် ကြိုးပမ်းခဲ့ကြောင်း၊ ယင်းသင်္ဘောကို ဗြိတိန်စွမ်းအင်ကုမ္ပဏီ BPကပိုင်ဆိုင်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

HMS Montrose စစ်သင်္ဘောသည် အီရန်ရေယာဉ်များနှင့် ဗြိတိန်ရေနံတင်သင်္ဘောအကြားသို့ ဝင်လာခဲ့ပြီး အီရန်ရေယာဉ်များကို အချက်ပြသတိပေးမှုများ ပြုလုပ်ခဲ့ပြီးနောက်တွင် အီရန်ရေယာဉ်များ ပြန်လှည့်သွားခဲ့ကြောင်း သိရသည်။

ယခုရက်ပိုင်းတွင် အရေးယူပိတ်ဆို့မှုများကို ချိုးဖောက်သည်ဟုသံသယဖြင့် အီရန်ရေနံတင်သင်္ဘောတစ်စင်းကို ဗြိတိန်နယ်နိမိတ်ဖြစ်သည့် ဂျီဘရော်လ်တာ၌ ဖမ်းဆီးလိုက်ပြီးနောက် အီရန်နှင့်ဗြိတိန်အကြား တင်းမာမှုများမြင့်တက်ခဲ့သည်။

**အေအက်ဖ်ပီ**



ဗြိတိန်စစ်သင်္ဘော HMS Montrose ကိုတွေ့ရစဉ်။

# ဗန်ကောက်မိုးပျံရထားစနစ် တိုးချဲ့လမ်းကြောင်းသစ်ပြေးဆွဲမည်

**ဗန်ကောက် ဇူလိုင် ၁၁**

ထိုင်းနိုင်ငံ၌ ဇူလိုင် ၈ ရက်မှစတင်ကာ ဗန်ကောက် မိုးပျံရထားစနစ်ကို မြောက်ပိုင်း တိုးချဲ့လမ်းကြောင်းပေါ်တွင် နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်းသိရသည်။

ပုံမှန်ခရီးဝေးအလုပ်ဆင်းသူများအတွက် ဗန်ကောက်မိုးပျံရထား တိုးချဲ့လမ်းကြောင်းသစ်ကို မော်ချစ် ဘူတာနှင့် လာ့ဒ်ပရာအိုဘူတာအကြားတွင် လာမည့် ဩဂုတ် ၁၁ ရက်မှစတင်ကာ နေ့စဉ် ပုံမှန် ဖွင့်လှစ်ပြေးဆွဲသွားရန် စီစဉ်လျက်ရှိကြောင်း မိုးပျံရထားစနစ်ကို ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ ဒါရိုက်တာ စူရာပေါင် လိုဟာအန်ရာက အတည်ပြုပြောကြားခဲ့သည်။

ဘူတာနှစ်ခုအကြားမိုးပျံရထားစနစ် နေ့စဉ်ပုံမှန်ပြေးဆွဲမှုကို တစ်လကြာ လုပ်ဆောင်ပေးလျက်ရှိပြီး ယင်းအချိန်အတွင်း ခရီးသည်များကို အခမဲ့စီးနင်းခွင့်ပြုထားကြောင်း သိရသည်။ နေ့စဉ်စီးနင်းလိုက်ပါနေကြသည့် ပုံမှန်ခရီးဝေးအလုပ်ဆင်းသူ ခန့်မှန်းခြေ ၄၀၀၀၀ ခန့်ရှိသည့် မော်ချစ်ဘူတာ၌ ခရီးသည်များ ပွတ်သိပ်ညှပ်နေမှုကို လျှော့ချရန်အတွက် မြောက်ပိုင်း တိုးချဲ့လမ်းကြောင်းကို ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ယခုနှစ်အတွင်း ယင်းလမ်းကြောင်းကို မော်ချစ်ဘူတာမှ လာ့ဒ် ပရာအိုဘူတာကို ဖြတ်လျက် ကာဆက်ဘူတာဆီသို့ ပြေးဆွဲရန်အတွက် မြောက်ဘက်သို့ထပ်မံတိုးချဲ့ရန်စီစဉ်ခဲ့ပြီး ထိုမှတစ်ဆင့် လာမည့်နှစ်ကုန်လောက်တွင် ပသမ်သာနီပြည်နယ်ရှိ ခူခွတ်ဘူတာဆီ ဆက်လက်တိုးချဲ့သွားရန် စီစဉ်ထားကြောင်း ကုမ္ပဏီ ဥက္ကဋ္ဌ၏ ပြောပြချက်အရ သိရသည်။ ဗန်ကောက်မြို့၏ သွန်ဘူရီဘက်ခြမ်းအတွင်းရှိ ဘန်ဝါဘူတာမှ ခူခွတ်ဘူတာအထိ မိုးပျံရထားစီးနင်းခမှာ အမြင့်ဆုံး ၆၅ ဘတ် (အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၀ ဒေါ်လာ) ကျသင့်မည်ဟု ၎င်းကဆိုသည်။

**ဆင်ဟွာ**



# တောင်ကိုရီးယား၏ အက်ဖ် ၃၅ ဂျက်လေယာဉ်များကို ဖျက်ဆီးမည်ဟု မြောက်ကိုရီးယားခြိမ်းခြောက်

**ပြုံယမ်း  ဇူလိုင် ၁၁**

တောင်ကိုရီးယားနိုင်ငံက အမေရိကန်မှ ဝယ်ယူထားသည့်အက်ဖ် ၃၅ တိုက်လေယာဉ်များကို တိုက်ခိုက်ဖျက်ဆီးရန် မြောက်ကိုရီးယားနိုင်ငံက ၎င်း၏အထူးလက်နက်များကို အဆင့်မြှင့်တင်သွားမည်ဟု ခြိမ်းခြောက်လိုက်ကြောင်းသိရသည်။

တောင်ကိုရီးယားအာဏာပိုင်များသည် အက်ဖ် ၃၅ ဂျက်လေယာဉ်များကို မတ်လ အတွင်းက ဝယ်ယူခဲ့ပြီးနောက် နောက်ထပ်အက်ဖ် ၃၅ ဂျက်လေယာဉ်နှစ်စင်းကို ဇူလိုင်လလယ်လောက်တွင် ထပ်မံရယူသွားရန်ရှိကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနရှိ အမေရိကန်လေ့လာမှုအဖွဲ့မှ မူဝါဒဆိုင်ရာဒါရိုက်တာက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လက အပစ်အခတ်ရပ်စဲရေးကျေးရွာ ပန်မွန်ဂျွန်၌ တတိယအကြိမ် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲကျင်းပခဲ့သည်။ကိုရီးယားကျွန်းဆွယ်၌ သမိုင်းဝင် ထိပ်သီးဆွေးနွေးပွဲက အပြုသဘောဆောင်သော အလားအလာတစ်ရပ်ကိုဖန်တီးပေးနေချိန်တွင် တောင်ကိုရီးယားနိုင်ငံက ကိုရီးယားနိုင်ငံအချင်းချင်း ထိခိုက်စေမည့် သေစေနိုင်သည့်လက်နက်များကို ယူဆောင်ရန် ကြိုးပမ်းလျက်ရှိသည်ဟု အဆိုပါအဖွဲ့က ထုတ်ပြန်ချက်တစ်စောင်တွင်ဖော်ပြခဲ့သည်။

ယင်းအပြုအမူသည် အလွန့်အလွန် အန္တရာယ်ကြီးသည့်လုပ်ရပ်ဖြစ်ပြီး ကိုရီးယားကျွန်းဆွယ်ပေါ်တွင် စစ်ရေးတင်းမာမှုကို မြင့်တက်လာစေနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**

# ယူရေနီယံသန့်စင်ထုတ်လုပ်မှု ကန့်သတ်ချက်ကို ဆက်လက်ချိုးဖောက်မည်ဟု အီရန်အာဏာပိုင်ပြော

**တီဟီရန်  ဇူလိုင် ၁၁**

ယူရေနီယံ သန့်စင်ထုတ်လုပ်မှုပမာဏ တိုးမြှင့်မည့်အစိုးရ၏ ဆုံးဖြတ်ချက်သည် ပြန်လည်ပြင်ဆင်ရန်မရှိသည့် မဟာဗျူဟာတစ်ရပ်ဖြစ်ကြောင်း အီရန်အဆင့်မြင့်အာဏာပိုင်တစ်ဦးက ပြောကြားလိုက်ကြောင်းသိရသည်။အီရန်အကြီးတန်းလုံခြုံရေးအာဏာပိုင်အလီရမ်ခါနီက ပြင်သစ်သမ္မတ၏ ထိပ်တန်း အကြံပေး အီမန်နျူရယ် ဘွန်းနှင့် တီဟီရန်၌တွေ့ဆုံစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်းတို့တွေ့ဆုံခဲ့မှုအတွင်း နျူကလီးယားဆိုင်ရာ သဘောတူညီမှုအောက်တွင် အီရန်သည် ၎င်း၏အခွင့်အရေးအပြည့်အဝရသည်အထိ ဆုံးဖြတ်ချက်ကို ပြင်ဆင်ပြောင်းလဲရန် မရှိဟု ကြေညာခဲ့ကြောင်း အီရန်နိုင်ငံပိုင်သတင်းမီဒီယာက ဖော်ပြသည်။ ဥရောပနိုင်ငံများအနေဖြင့် စီးပွားရေးထောက်ပံ့မှုများလုပ်ဆောင်ကြရန် ၎င်းက တိုက်တွန်းတောင်းဆိုခဲ့သည်။

ပြင်သစ်နိုင်ငံအပါအဝင် ဥရောပနိုင်ငံများသည် နျူကလီးယားသဘောတူစာချုပ်ကို အီရန်က လိုက်နာဆောင်ရွက်စေရန် ဖျောင်းဖျနိုင်ရေးကြိုးပမ်းလျက်ရှိပြီး အီရန်အစိုးရကမူ ၎င်း၏ရေနံစိမ်းများကို နိုင်ငံတကာက တင်သွင်းမှုပြန်လည်လုပ်ဆောင်ကြရေး ဆက်လက်တောင်းဆိုမည့်ဟန်ရှိနေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်က ဟွာဝေးကုမ္ပဏီကို အမည်ပျက်စာရင်းတွင် ဆက်လက်ထားရှိမည်

**ဝါရှင်တန် ဇူလိုင် ၁၁**

တရုတ်နည်းပညာလုပ်ငန်းစုဖြစ်သည့် ဟွာဝေးကုမ္ပဏီကို အမည်ပျက်စာရင်းတွင် ဆက်လက်ထားရှိမည်ဟု အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက အတည်ပြုပြောကြားလိုက်သည်။

အမေရိကန်ကုမ္ပဏီများအနေဖြင့် သီးခြားစာရင်းတွင် ပါရှိသည့် ကုမ္ပဏီများနှင့် အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ စီးပွားလုပ်ကိုင်ခွင့်မရှိပေ။ နိုင်ငံ့လုံခြုံရေးကို ခြိမ်းခြောက်မှုမရှိကြောင်း ခိုင်မာသေချာသည့် အမေရိကန် ကုမ္ပဏီများကို ဟွာဝေးပစ္စည်းရောင်းချခွင့်ပြုမည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝီလ်ဘာရော့စ်က ပြောကြားခဲ့သည်။

သို့သော်လည်း အများအယွင်းမခံသည့် အမေရိကန်၏ နည်းပညာလွှဲပြောင်းမှုကို ကာကွယ်ရန်အတွက် ဟွာဝေးကုမ္ပဏီကို အမည်ပျက်စာရင်းတွင် ဆက်လက် ထည့်သွင်းထားမည်ဖြစ်သည်ဟု ဆိုသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ဇွန်လနှောင်းပိုင်းတွင် တွေ့ဆုံခဲ့ပြီးနောက် သမ္မတ ထရမ့်က အမေရိကန်ကုမ္ပဏီများကို ဟွာဝေးသို့ အီလက်ထရွန်နစ်ပစ္စည်းအချို့ ရောင်းချခွင့်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံနှင့်ဒေသပေါင်း ၃၉ ခုကို သီရိလင်္ကာ ဗီဇာကင်းလွတ်ခွင့်ပေးမည်

**ကိုလံဘို  ဇူလိုင် ၁၁**

သီရိလင်္ကာနိုင်ငံတွင် လာမည့်ဩဂုတ် ၁ ရက်မှစတင်ကာ ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၃၉ ခုမှပြည်သူများကို ဗီဇာကင်းလွတ်ခွင့်ပြုပေးမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုကို မြှင့်တင်ရန် ရည်ရွယ်လျက် ထိုသို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ ခရီးသွားဝန်ကြီးဌာနက ပြောကြားခဲ့မှုကို ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။

ဗီဇာကင်းလွတ်ခွင့်ကို ခြောက်လကြာအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကယ်၍ အောင်မြင်မှုရှိခဲ့ပါက တရုတ်နိုင်ငံနှင့် အိန္ဒိယမှ ခရီးသွားများကိုပါ ဗီဇာကင်းလွတ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဒေသကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့တွင် ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (UNESCO)၏ (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံအစည်းအဝေးတွင် ဇူလိုင် ၆ ရက်က ထုတ်ပြန်ကြေညာလိုက်သည့်အပေါ် ပုဂံချစ်သူ ပြည်သူများ၊ ဒေသခံပြည်သူများ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့် မြန်မာမှုပညာရှင်များ၏ ဝမ်းသာကြည်နူးမှု စကားသံများကို ယခုလို ကြားသိခဲ့ရသည်။

# ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပုဂံဒေသအတွက် ကြည်နူးဂုဏ်ယူနေကြသည့် ပုဂံချစ်သူများ၏ ရင်တွင်းစကားသံများ

မင်းထက်အောင်(မန်းကိုယ်ပွား)၊ အောင်ဖြိုးကျော်



**မြန်မာမှုပညာရှင် တမ္ပဝတီ ဦးဝင်းမောင်**

ကျွန်တော့်သဘောအရ ပြောရရင် ပုဂံဒေသရဲ့ယဉ်ကျေးမှုကိုချစ်တဲ့ အဖွဲ့နှစ်ဖွဲ့ရှိတယ်။ တစ်ဖွဲ့က ရှိနေတဲ့ ယဉ်ကျေးမှုအမွေအနှစ် လက်ရာတွေကို မပျောက်ပျက်အောင် ဘယ်လိုထိန်းသိမ်းမလဲ ဆိုတာကို စိတ်ဝင်စားပြီး ပုဂံယဉ်ကျေးမှုကို ချစ်မြတ်နိုးကြတယ်။ နောက်တစ်ဖွဲ့က ပုဂံမှာ ဘယ်လိုစီးပွားရေးတွေလုပ်ရမလဲဆိုပြီး ပုဂံကို ချစ်မြတ်နိုးတာ ဖြစ်ပါတယ်။

စီးပွားရေးကိုအခြေခံပြီး ပုဂံချစ်ကြတဲ့သူတွေကြောင့် ပုဂံရဲ့ အနုပညာလက်ရာတွေ ပျက်စီးလာပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ ကျော်၊ ၃၀ ကတည်းက ပုဂံဘုရားထဲမှာ ကျူးကျော်တာတွေ၊ ပုဂံမြို့ထဲမှာ ကျူးကျော်တာတွေ၊ ဘုရားဥပနာဖောက်တာတွေ ရှိခဲ့တဲ့အတွက် ရှေးဟောင်းသုတေသနအရာရှိ ဦးဘိုကေက လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော်၊ ၄၀ လောက်ကတည်းက ပုဂံကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်စေချင်ခဲ့တာပါ။ ဒီလို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်မှ သူ့ရဲ့သတ်မှတ်ထားတဲ့ စည်းကမ်းအတိုင်း ဒီရှေးဟောင်းဘုရားတွေကို ထိန်းသိမ်းနိုင်မှာဖြစ်တဲ့အတွက် ဆရာကြီးဦးဘိုကေ မျှော်မှန်းခဲ့တဲ့ ရည်ရွယ်ချက်ကလေး အောင်မြင်တဲ့အတွက် ကျွန်တော်တို့ပုဂံယဉ်ကျေးမှု ချစ်မြတ်နိုးသူတွေအဖွဲ့ကတော့ ဝမ်းသာပါတယ်။ ဒါပေမယ့် ပုဂံကို စီးပွားရေးအရ ချစ်မြတ်နိုးသူတွေရဲ့ ထုတ်ပြန်ထားတဲ့ ဥပဒေတွေကို လက်တစ်လုံးခြားလုပ်ပြီး ဖျက်ဆီးမယ့် အန္တရာယ်တွေကိုလည်း ပုဂံယဉ်ကျေးမှုကို ချစ်မြတ်နိုးသူတိုင်း ကာကွယ်စောင့်ရှောက်ဖို့ လိုတယ်လို့ ပြောချင်ပါတယ်။

ထိန်းသိမ်းတယ်ဆိုတာကလည်း ရှေးဟောင်းသုတေသနက ထိန်းသိမ်းတာရှိသလို ရှေး



ဟောင်းဒေသ ပတ်ဝန်းကျင်မှာရှိတဲ့ ပြည်သူပြည်သားတွေက ထိန်းသိမ်းတာလည်း ရှိတဲ့အတွက် ပုဂံကို UNESCO နဲ့ ဆိုင်တယ်၊ ရှေးဟောင်းနဲ့ဆိုင်တယ်၊ သူတို့ ပြုပြင်ကြလိမ့်မယ်လို့ သဘောမထားဘဲ ပုဂံယဉ်ကျေးမှုကို ချစ်မြတ်နိုးသူတွေအားလုံးကလည်းတစ်တပ်တစ်အား ပါဝင်ပြီး အမှိုက်တွေ ကောက်ပေးမယ်၊ ကျောက်စာတွေမှာ ဟိုခြစ်ဒီခြစ်လုပ်တာ၊ နံရံဆေးရေး ပန်းချီတွေမှာ တောင်ရေးမြောက်ရေး လုပ်တာတွေကို ထိန်းသိမ်းပေးပြီး ဘုရားတွေကြားမှာပေါက်နေတဲ့ ချုံနွယ်တွေကို ရှင်းလင်းပေးမယ်ဆိုတဲ့ အသိတွေနဲ့ လုပ်စရာတွေ အများကြီးပါ။ ဒါကြောင့် ပုဂံကို ထိန်းသိမ်းစောင့်ရှောက်ဖို့က ပြည်သူအားလုံးမှာ တာဝန်ရှိပါတယ်လို့ ပြောချင်ပါတယ်။

**ဦးစန်းယု၊ လက်ထောက်ညွှန်ကြားရေးမှူး (မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန)**

ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခြင်းခံရမှုအပေါ် မြန်မာလူမျိုးတစ်ယောက်အနေနဲ့ လှိုက်လှိုက်လှဲလှဲ ဝမ်းသာဂုဏ်ယူရတဲ့ အနေအထားပါ။ မြန်မာကို ကမ္ဘာက ပိုပြီးတော့ သိရှိစေပါတယ်။ နိုင်ငံတကာက ကျွန်တော်တို့နိုင်ငံကို လာတယ်ဆိုတာကလည်း



မတူညီတဲ့ ယဉ်ကျေးမှုတွေကို လာရောက် လေ့လာကြတဲ့အတွက် အခုလို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်သွားခြင်းဟာ မြန်မာ့အမွေအနှစ်ကို ကမ္ဘာကသိရှိသွားစေတဲ့ မဟာအခွင့်အရေးတစ်ခုပါပဲ။ နောက်တစ်ချက်က ပုဂံမှာ ကိုင်တွယ်ထိတွေ့လို့ရတဲ့ အမွေအနှစ်တွေနဲ့ ကိုင်တွယ်လို့မရတဲ့ အမွေအနှစ်တွေ အများကြီးရှိတဲ့အတွက် ရေရှည်တည်တံ့အောင် ကမ္ဘာ့အဆင့်မီ ကာကွယ်ထိန်းသိမ်းနိုင်တဲ့ အခွင့်အရေးတွေလည်း ရရှိလာနိုင်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ရဲ့ ခရီးသွားလုပ်ငန်းကလည်း လက်ရှိမှာ တရုတ်ခရီးသွားတွေ တိုးတက်လာနေရာကနေ အခုလို အခြေအနေမှာ အနောက်တိုင်းခရီးသွားတွေ ၂၀ ရာခိုင်နှုန်းကျော်လောက် တိုးတက်လာနိုင်တယ်လို့ ခန့်မှန်းပါတယ်။ ဒါ့အပြင် ပြည်ပခရီးသွားသာမက ပြည်တွင်းခရီးသွားတွေလည်း တိုးတက်ဝင်ရောက်လာနိုင်တယ်လို့ သုံးသပ်တဲ့အတွက် ဒေသခံပြည်သူတွေလည်း ဝင်ငွေတွေ ပိုမိုရရှိလာနိုင်ပါတယ်။ ဒါ့အပြင် ပုဂံမှာရှိတဲ့ လက်မှုပညာရပ်တွေကို ကမ္ဘာကသိရှိစေမယ့် အခွင့်အလမ်းတွေလည်း ရှိလာနိုင်မှာပါ။

ခရီးသွားလုပ်ငန်းရဲ့သဘောသဘာဝအရ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတဲ့လမ်းကြောင်းပေါ် ရောက်လာပြီလို့ ဆိုရမှာပါ။ ဒါပေမယ့် စနစ်တကျ စီမံခန့်ခွဲဖို့တော့ လိုပါတယ်။

**Andrew Prond (အင်္ဂလန်နိုင်ငံသား)**

ကျွန်တော်က အင်္ဂလန်နိုင်ငံကနေ ဇွန် ၃၀ ရက်က မြန်မာနိုင်ငံကို ရောက်ရှိပြီး လမ်းညွှန်



စာအုပ်ထဲမှာတွေ့လို့ ပုဂံဒေသကို ဇူလိုင် ၉ ရက်နေ့မှာ ရောက်ရှိလာခဲ့တာပါ။ နိုင်ငံတကာက မြန်မာနိုင်ငံမှာရှိတဲ့ ပုဂံဒေသကို သိရှိကြပါတယ်။ အခု ပုဂံဒေသကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရတဲ့အတွက် မြန်မာနိုင်ငံသားတွေကိုယ်စား ဝမ်းသာဂုဏ်ယူမိပါတယ်။ ပုဂံဒေသဟာ ဗိသုကာလက်ရာတွေ၊ ယဉ်ကျေးမှုနဲ့ ယုံကြည်ကိုးကွယ်မှုတွေ ပြည့်စုံစွာ တည်ရှိနေတဲ့အတွက် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံရတာ အလွန်ထိုက်တန်ပါတယ်။ ဒါကို မြန်မာနိုင်ငံသားတိုင်းက ဂုဏ်ယူစွာနဲ့ ကမ္ဘာ့အမွေအနှစ် ကော်မတီနဲ့ ဆက်သွယ်ပူးပေါင်းပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြပါလို့ အကြံပြုလိုပါတယ်။

**ဦးမောင်မောင်**
**(ပစ်တိုင်းထောင် မြန်မာ့ရိုးရာ ယွန်းထည်လုပ်ငန်း)**

ပုဂံဒေသကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်



ဒေသအဖြစ် သတ်မှတ်ခံရတဲ့အတွက် ကျွန်တော်အပါအဝင် ပုဂံဒေသမှာ နေထိုင်ကြသူအားလုံး အတိုင်းမသိ ဝမ်းသာနေကြတာပါ။ ဖြစ်လည်းဖြစ်သင့်တဲ့ ကိစ္စတစ်ခု အောင်မြင်သွားတဲ့အတွက် ဝမ်းသာရပါတယ်။ ဒီလို ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရဖို့ သက်ဆိုင်ရာဌာနတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ ဒေသခံတွေအားလုံး ပူးပေါင်းကြိုးစားခဲ့ကြရပါတယ်။ ကျွန်တော့်အနေနဲ့ တိုက်တိုက်ဆိုင်ဆိုင်ပဲ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့မှာကျင်းပမယ့် ကမ္ဘာ့အမွေအနှစ်ညီလာခံ မတိုင်ခင် အကြိုသွားတဲ့အဖွဲ့ကို အဲဒီနိုင်ငံအတွက် အမှတ်တရလက်ဆောင်အဖြစ် ပေးဖို့အတွက် ရွှေကနုတ်ထိုးထားတဲ့ ခြောက်လက်မအရွယ် ယွန်းသေတ္တာလေးတွေ ထောက်ပံ့ကူညီခွင့်ရခဲ့ပါတယ်။

ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့ ကြေညာတဲ့အချိန်မှာ ကျွန်တော်တို့ စောင့်ကြည့်ပြီး ကျေနပ်နေကြပါတယ်။ ကျွန်တော်တို့ ပုဂံမှာရှိကြတဲ့ မိသားစုတွေအကုန်လုံးက ခရီးသွားတွေကို မျှော်လင့်နေကြရတာပါ။ ဒါကြောင့် အခုလို UNESCO ဝင်သွားပြီဆိုတော့ နိုင်ငံတကာခရီးသွားတွေ စိတ်ဝင်တစားနဲ့ အရင်ကထက် အဆပေါင်းများစွာ ပိုမိုဝင်ရောက်လာကြမှာ ဖြစ်ပါတယ်။ ဒီဒေသ ဖွံ့ဖြိုးဖို့အတွက် UNESCO က ချမှတ်ထားတဲ့ စည်းမျဉ်းဥပဒေအတိုင်း နိုင်ငံတော်အစိုးရက ဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက် အဲဒီစည်းမျဉ်းဥပဒေတွေကို ကျွန်တော်တို့ဒေသခံတွေအားလုံး လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ ကျွန်တော် အကြံပြုလိုပါတယ်။ လတ်တလောမှာတင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သွားတယ်လို့ ကြားတာနဲ့ လူငယ်တွေ စိတ်ဝင်တစားလာကြတာကို တွေ့ရတယ်။ ဒီလိုပဲ နိုင်ငံတကာကလည်း စိတ်ဝင်တစားနဲ့ လာကြမှာဖြစ်တဲ့အတွက် ပြည်တွင်းသာမက ပြည်ပခရီးသွားတွေလည်း ဝင်ရောက်မှု ပိုမိုတိုးတက်လာမှာ အမှန်ပါပဲ။

**ဦးဇော်ဝင်းချို(မြို့မိမြို့ဖ၊ ပုဂံဒေသ-အာနန္ဒာဘုရားဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး၊ ပုဂံအမွေအနှစ်ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး၊ ပုဂံဧည့်လမ်းညွှန်အသင်း နာယက)**

အခုလို ကျွန်တော်တို့ ပုဂံဒေသကြီးကို ဇူလိုင် ၆ ရက်နေ့က ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ကြေညာလိုက်တဲ့အတွက် ပုဂံသားတစ်ယောက်အနေနဲ့ရော မြန်မာလူမျိုးတစ်ယောက်အနေနဲ့ပါ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီလို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်သွားခြင်းကြောင့် ပုဂံဒေသရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ကမ္ဘာ့အဆင့်မီ ထိန်းသိမ်းစောင့်ရှောက်နိုင်တော့မယ်။ ဒါ့အပြင် ပြုပြင်ထိန်းသိမ်းဖို့ ရန်ပုံငွေအထောက်အပံ့တွေနဲ့ နည်းပညာရပ်တွေကိုလည်း ရရှိလာမှာပါ။



အခုလို သတ်မှတ်လိုက်တဲ့အတွက် နိုင်ငံတကာက စိတ်ဝင်တစားနဲ့ လာကြလိမ့်မယ်။ အဓိကအားဖြင့် ဂျပန်လူမျိုးတွေ ပိုပြီးလာကြလိမ့်မယ်။ ဥရောပကလည်း ၂၀၂၁ ခုနှစ်လောက်ဆို အများကြီးလာကြလိမ့်မယ်။ ဒီလိုလာခြင်းအားဖြင့် ဒေသခံ မြင်းလှည်းသမားတွေကအစ ဈေးဆိုင်တွေအားလုံးရဲ့စီးပွားရေးတွေ တိုးတက်လာတော့မယ်။ ဒါကတော့ လတ်တလောရနိုင်မယ့် အကျိုးရလဒ်တွေပါ။ ဒါပေမယ့် ကျွန်တော်တို့အားလုံးက ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဆိုတဲ့ အဆင့်အတန်း သတ်မှတ်ချက်ကို တည်မြဲအောင် ထိန်းသိမ်းရမယ့် တာဝန်ရှိပါတယ်။ ဒီလိုမှ မထိန်းသိမ်းနိုင်ရင် ပြန်ပြီး ရုတ်သိမ်းသွားနိုင်ပါတယ်။ ဒီလိုဖြစ်သွားရင် နိုင်ငံအနေနဲ့ သိက္ခာကျပါတယ်။ ဒါကြောင့် ပုဂံဒေသကို သန့်ရှင်းသာယာလှပအောင် ပြုလုပ်ရမှာပါ။ နောက်ထပ် ဟိုတယ်ကြီးတွေတည်ဆောက်ဖို့ ခွင့်မပြုသင့်ပါဘူး။ ဒေသခံတွေရဲ့လုပ်ငန်းတွေ ချဲ့ထွင်နိုင်အောင်လည်း အကူအညီပေးရမှာပါ။ အရေးအကြီးဆုံး ထိန်းသိမ်း ရမှာက ဘုရားတွေအနီးမှာ ကျူးကျော်တွေ မရှိသင့်ပါဘူး။ ဒါကြောင့် စနစ်ကျတဲ့ အိမ်ရာစီမံကိန်းတွေ လုပ်ပေးသင့်ပါတယ်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ဖို့ကို ဒေသခံတွေနဲ့ အကြိမ်ကြိမ် အစည်းအဝေးတွေလုပ်ပြီး ဒေသခံတွေရဲ့ဆန္ဒနဲ့ ဆောင်ရွက်တာဖြစ်တဲ့အတွက် အားလုံးကလည်း ဝမ်းသာကြည်နူးနေမိပါတယ်။ ဒါကြောင့် လက်ရှိအခြေအနေမှာ ဆက်လက်ဆောင်ရွက်ရမယ့် စီမံခန့်ခွဲမှု စီမံချက်တွေကို ဒေသခံတွေနဲ့ တွေ့ဆုံဆွေးနွေးရှင်းပြပြီး ဆောင်ရွက်စေလိုပါတယ်။ ပုဂံဒေသကို အမှီပြုပြီး စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူများကလည်း နားလည်မှုရှိစွာနဲ့ ကမ္ဘာ့အမွေအနှစ်ဒေသအတွက် သတ်မှတ်ထားတဲ့ စည်းမျဉ်းဥပဒေအတိုင်း လိုက်နာဆောင်ရွက်ပြီး ပူးပေါင်းကူညီကြဖို့ တိုက်တွန်းလိုပါတယ်။ ပုဂံဒေသကို ၁၉၉၆ ခုနှစ်ကတည်းက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့ကြိုးစားခဲ့တာ အခုမှ အောင်မြင်သွားတဲ့အတွက် ကျွန်တော် သဘောပေါက်ပါပြီ။ ဒါကြောင့် ပုဂံဒေသကို သန့်ရှင်း သာယာလှပအောင် ဆောင်ရွက်ဖို့ လိုအပ်တာတွေ ထပ်မံဖြည့်ဆည်းပေးစေလိုပါတယ်။ ဒါ့အပြင် ရှေးဟောင်းဘုရားတွေကို ထိန်းသိမ်းဖို့အတွက် လုံခြုံရေးဝန်ထမ်းတွေ တိုးချဲ့ချထားပေးဖို့နဲ့ ကျူးကျော်တွေအတွက် အိမ်ရာစီမံကိန်းတွေကိုလည်း အမြန်ဆုံး ဆောင်ရွက်ပေးဖို့ အကြံပြုပြောကြားလိုပါတယ်။

**မဖြူဖြူ(ရန်ကုန်မြို့သူ)**



ဒီပုဂံဒေသကို ရှေးဟောင်းမြို့တော်အဖြစ် စိတ်ဝင်စားလို့ တစ်နှစ်တစ်ခေါက် ရောက်အောင်လာဖြစ်ခဲ့ပါတယ်။ အခုလို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်သွားတဲ့အချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာတဲ့အတွက် ခါတိုင်းလာရတာထက် ပိုပြီး ကြည်နူးမိပါတယ်။ ဒီလို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်သွားတဲ့အတွက် မြန်မာနိုင်ငံမှာ ဒီလိုရှေးကျတဲ့နေရာတစ်ခု ရှိတယ်ဆိုတာကို ကမ္ဘာက ပိုမိုသိရှိသွားနိုင်တဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒါကြောင့် ပုဂံကို ရောက်လာတဲ့သူတိုင်းဟာ မထိရ၊ မကိုင်ရဆိုတဲ့ ရှေးဟောင်းအမွေအနှစ် လက်ရာတွေကို မထိ၊ မကိုင်ဘဲ ဝိုင်းဝန်းထိန်းသိမ်းရင်းလာရောက်ဖူးမြော်လေ့လာကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။

**ဒေါ်မေသဇင်(နွားထိုးကြီးမြို့သူ)**



ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်လိုက်ပြီလို့ ကြားကြားချင်းချင်းပဲ ဂုဏ်ယူစွာနဲ့ လာရောက်ခဲ့တာပါ။ ဒီလိုအသိနဲ့ ပုဂံဘုရားတွေ ဖူးရတာ ပိုပြီး ကြည်ညိုသဒ္ဓါစိတ်တွေ ဖြစ်ပေါ်နေမိတယ်။ ကမ္ဘာ့အမွေအနှစ်အဖြစ် အသိအမှတ်ပြုလိုက်တဲ့အတွက် မြန်မာလူမျိုးတိုင်း ဂုဏ်ယူဝမ်းသာနေကြရသလို ဒီဒေသကြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြဖို့လည်း တာဝန်ရှိတယ်လို့ ခံယူပါတယ်။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေကလည်း ပုဂံဒေသကို ရောက်တဲ့အခါ ဘုရားဖူးရုံသက်သက်မဟုတ်ဘဲ ရှေးဟောင်းလက်ရာတွေကို ပျက်စီးမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ လိုအပ်တယ်လို့ ပြောချင်ပါတယ်။ ။

# ရွှေကျီးမြင်ဘုရား ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**မန္တလေး ဇူလိုင် ၁၁**

မန္တလေး ရတနာပုံရွှေနန်းတော်အတွင်း သိမ်းဆည်းထားခဲ့ပြီး မင်းအဆက်ဆက် ကိုးကွယ်ခဲ့ကြသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို သက္ကရာဇ် ၁၂၅၁ ခုနှစ်မှစ၍ အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် ရွှေကျီးမြင်ဘုရားလိုဏ်ဂူသို့ ပင့်ဆောင်ခဲ့ရာ ယခုအခါ နှစ် ၁၃၀ ပြည့် အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ဇူလိုင် ၉ ရက် နံနက် ၅ နာရီက ရွှေကျီးမြင်ဘုရား ပရိဝုဏ်အတွင်း ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး မိုးကောင်းတိုက် ရတနာသိဂ်ီဒိုက်ဦးကျောင်း ဆရာတော်ထံမှ သီလခံယူကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် မစိုးရိမ်တိုက်သစ် ဆရာတော်က ရေစက်ချ အနုမောဒနာတရား ချီးမြှင့်ပြီး အလှူရှင်များက ဘုရားပရိဝုဏ်အတွင်း၌ သံဃာတော် ၁၃၁ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ခဲ့ကြသည်။


ဆရာတော်များအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။

အဆိုပါ ဘုရားဆင်းတုတော်များမှာ အထက်မြန်မာပြည် နန်းစိုက်ရာ မြို့တော်အသီးသီးမှ မင်းအဆက်ဆက် ကိုးကွယ်ခဲ့ကြသော ရှေးဟောင်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်များဖြစ်ကာ သီပေါမင်း ပါတော်မူပြီးနောက် ရတနာပုံရွှေနန်းတော်အတွင်း၌ တစ်စုတစ်ဝေးတည်း သိမ်းဆည်းထားသော သမိုင်းဝင် ရုပ်ပွားတော်များကို ပျက်စီးဆုံးရှုံးမှုမရှိစေရန် ရွှေကျီးမြင်ဘုရား လိုဏ်ဂူတော်အတွင်း ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်းကို အများပြည်သူသိရှိ၍ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ရည်ရွယ်လျက် ယခု ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

# သံလွင်မြစ်ကူးတံတား (တာကော်) ရှမ်းပြည်နယ်ဝန်ကြီးချုပ် ပန္နက်တင်

**ကွန်ဟိန်း ဇူလိုင် ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ်အတွင်း မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ-တာချီလိတ် လမ်းပေါ်ရှိ သံလွင်မြစ်ကူးတံတား (တာကော်) ပန္နက်တင်ပွဲကို ဇူလိုင် ၁၁ ရက်က အဆိုပါတံတားတည်ဆောက်မည့်နေရာ၌ ကျင်းပသည်။

ပန္နက်တင်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အသစ်တည်ဆောက်မည့် သံလွင်တံတား(တာကော်)သည် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း ဆက်သွယ်ထားသည့် မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ-တာချီလိတ်လမ်း မိုင်တိုင်အမှတ်(၂၈၃/၂) နှင့် (၂၈၃/၄)အတွင်း တည်ရှိကာ တရုတ်၊ ထိုင်းနှင့် လာအိုနိုင်ငံများသို့ ဆက်သွယ်သွားလာနိုင်သည့် အာရှလမ်းမကြီးနှင့်လည်း ဆက်စပ်လျက်ရှိကြောင်း၊ ဒေသတွင်းမှ ထွက်ကုန်များသာမက မြန်မာနိုင်ငံ၏ ဒေသအသီးသီးမှ ထွက်ကုန်များကိုပါ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်မည်ဖြစ်ခြင်းကြောင့် နိုင်ငံစီးပွားရေးအတွက် အချက်အချာကျသည့် တံတားတစ်စင်းဖြစ်လာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက လက်ရှိအသုံးပြုနေသော တာကော်တံတားဟောင်း၏ ကြံ့ခိုင်မှုအခြေအနေနှင့် အသစ်တည်ဆောက်မည့် တံတား၏ အချက်အလက်များ ရှင်းလင်းပြောကြားပြီး တံတားသစ်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်၊ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်၊ မိုင်းပျဉ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်နှင့် ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်စောတို့က ပန္နက်များတင်ပေးခဲ့သည်။

သံလွင်မြစ်ကူး တာကော်တံတားဟောင်းသည် သက်တမ်း ၄၅ နှစ်ခန့် ကြာမြင့်လာ၍ ယိုယွင်းပျက်စီးမှုများရှိလာခြင်းကြောင့် လက်ရှိတံတား ခံနိုင်ဝန်ကို ၂၄ တန်အထိသာ လျှော့ချခွင့်ပြုထားနိုင်သဖြင့် ယာဉ်ကြီးများ အဆင်ပြေ ချောမွေ့စွာ ဖြတ်သန်းသွားလာ နိုင်ရန်အတွက် ခံနိုင်ဝန်တန် ၆၀ အထက်ရှိသော တံတားအသစ်တစ်စင်း တည်ဆောက်ခြင်းဖြစ်ကာ ယခုတည်ဆောက်မည့် တံတားသည် အရှည် ၃၅၁ မီတာရှိမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# စွမ်းအားမြှင့်မီးဖိုများဖြန့်ဖြူးခြင်းစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ပဲခူး ဇူလိုင် ၁၁**

မြန်မာနိုင်ငံအတွင်း စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်း စတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းမှ စီမံကိန်းအကောင်အထည်ဖော်မည့်သူများ ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၉ ရက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် စီမံကိန်းဒါရိုက်တာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကိုရီးယားရာသီဥတုပြောင်းလဲမှု ဗဟိုဌာနမှ Mr. Seojoon Heo က နှုတ်ခွန်းဆက် စကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံစဥ့်အသင်းမှ မီးဖိုထုတ်လုပ်သူ ဦးမြင့်အောင်က စွမ်းအားမြှင့်မီးဖို အသုံးဝင်ပုံများကိုလည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှမြင့်က မီးဖိုများဖြန့်ဖြူးရေး အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာစောညိုဝင်းက နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

အဆိုပါစီမံကိန်းအရ သစ်တောပြုန်းတီးမှုကို လျှော့ချရန်အတွက် ထင်းကုန်သက်သာပြီး မီးအားကောင်းသည့် စွမ်းအားမြှင့်မီးဖိုများကို ပဲခူးတိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးမရှိသည့် ကျေးလက်နေ အိမ်ထောင်စုများထံသို့ တစ်နှစ်ခြားစီ ခုနစ်နှစ်ဆက်တိုက် ထုတ်လုပ်ဖြန့်ဖြူးပေးမည်ဖြစ်ကာ အိမ်ထောင်စုပေါင်း ၄၆၈၀၀၀ ထံသို့ ဖြန့်ဖြူးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည့်အပြင် မီးဖိုတစ်ဖိုတန်ဖိုးမှ တစ်ဒေါ်လာကို ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် ထည့်ဝင်ပေးသွားမည်ဖြစ်သဖြင့် စီမံကိန်းဝင်ဒေသများ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။


ဖြန့်ဝေမည့် စွမ်းအားမြှင့်မီးဖိုများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကြည့်ရှုနေစဉ်။

ပဲခူးတိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးပေးမည့် အစီအစဉ်မှာ ပဲခူးခရိုင်၌ အိမ်ထောင်စု ၁၄၃၆၃၇ စုအတွက် မီးဖိုအလုံး ၁၄၀၁၇၅၊ တောင်ငူခရိုင်၌ အိမ်ထောင်စု ၈၉၅၀၁ စုအတွက် မီးဖို အလုံး ၈၈၀၅၀၊ ပြည်ခရိုင်၌ အိမ်ထောင်စု ၁၁၅၃၂၂ စုအတွက် မီးဖို အလုံး ၁၁၄၇၈၀၊ သာယာဝတီခရိုင်၌ အိမ်ထောင်စု ၁၂၅၀၃၇ စုအတွက် မီးဖို ၁၂၄၉၉၅ လုံး၊ စုစုပေါင်း ကျေးရွာအုပ်စု ၁၀၀၈ စုရှိ ကျေးရွာပေါင်း ၃၇၂၆ ရွာမှ အိမ်ထောင်စု ၄၇၃၄၉၆ စုအတွက် စွမ်းအားမြှင့်မီးဖို အလုံး၄၆၈၀၀၀ ဖြန့်ဖြူးပေးသွားမည်ဟု သိရသည်။

**ဟိန်းထက် (ပဲခူး)**

# မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**မိုင်းယောင်း ဇူလိုင် ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၁၀ ရက်က မြို့မအားကစားကွင်း၌ ကျင်းပခဲ့သည်။

ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၏ ညွှန်ကြားမှုဖြင့် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး(TSDP) အစီအစဉ်အရ ပြုလုပ်သော အဆိုပါ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကို ဇွန် ၂၈ ရက်က အသင်းကိုးသင်းဖြင့် စတင်ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲတွင် မုန်းလိုက်အသင်းက ရပ်ကွက် ခြောက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဆုပေးပွဲတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်၊ မိုင်းဖြတ်မြို့နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနမှူး ဦးအောင်ကြည်စိုးထွေးနှင့် တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆုနှင့် နေရာအလိုက် အကောင်းဆုံးကစားသမားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**စိုင်းအောင်ဇော်လင်း**

# ချင်းပြည်နယ်အစိုးရ၏ တတိယတစ်နှစ်တာ ဆောင်ရွက်ချက်များ သတင်းစာရှင်းလင်း

**ဟားခါး ဇူလိုင် ၁၁**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁၀ ရက်က ဟားခါးမြို့ရှိ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးခြင်းဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒေသဝမ်းစာဖူလုံပြီး ဆင်းရဲနွမ်းပါးမှုကို သိသာစွာလျှော့ချနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေး၊ အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး ဆိုသည့် မူဝါဒများချမှတ်ထားကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရ၏ တတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် ကုန်းမြင့်လယ်ယာ ဖော်ထုတ်ရေးကဏ္ဍ၊ စည်ပင်သာယာရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမကဏ္ဍ ဆောင်ရွက်ချက်များ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ သာသနာရေးကဏ္ဍနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး ဆောင်ရွက်မှုများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့အပြင် ချင်းပြည်နယ်အစိုးရအနေဖြင့် ရေရှည်စီမံကိန်းများအဖြစ် ကုလားတန်မြစ်စီမံကိန်း၊ ပလက်ဝစက်မှုဇုန်၊ ဘုံဖုံးစက်မှုဇုန်နှင့် ခိုင်ကမ်းစက်မှုဇုန်တို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရန်ရှိကြောင်း၊ ထို့အပြင် ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ လမ်းတံတား စသည့် အခြေခံ အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ချည်မျှင်နှင့် ရိုးရာရက်ကန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြရန်လည်း ဖိတ်ခေါ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက တတိယ တစ်နှစ်တာ ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်သော သတင်းမီဒီယာ ၁၄ ခုက သိရှိလိုသည်များကို မေးမြန်းကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။



ချင်းပြည်နယ်ဝန်ကြီးချုပ်က မီဒီယာများအား ရှင်းလင်းပြောကြားစဉ်

**ပြည်နယ်(ပြန်/ဆက်)**

# မာလဲနတ်တောင် ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ၂၀၂၀ ပြည့်နှစ်တွင် အပြီးဆောင်ရွက်မည်

**မန္တလေး ဇူလိုင် ၁၁**

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်နေသော စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစီမံကိန်းတွင် ပါဝင်သည့် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်ရှိ မာလဲနတ်တောင် ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းမှာ လက်ရှိတွင် ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ ၂၀၂၀ ပြည့်နှစ်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (မန္တလေး) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးက ပြောသည်။



မာလဲနတ်တောင်ရေလှောင်တမံ တမံကြံ့ခိုင်မှုလုပ်ငန်း ဆောင်ရွက်စဉ်။

အဆိုပါ မာလဲနတ်တောင်ရေလှောင်တမံကို ဆည်ရေသောက်စနစ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းနှင့် တမံကြံ့ခိုင်မှုလုပ်ငန်းများကို ကမ္ဘာ့ဘဏ်ချေးငွေကျပ်သန်းပေါင်း ၆၁၇၃ ဒသမ ၇၃ သန်းဖြင့် ယခုနှစ် ဇန်နဝါရီလမှစ၍ ကိုရီးယားနိုင်ငံမှ နည်းပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်များ ပူးပေါင်း၍ အကြီးစား ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်နေပြီဖြစ်၍ အဆိုပါလုပ်ငန်းပြီးစီးသွားပါက လက်ရှိပေးဝေနေသည့် ရေပမာဏထက် ပိုမိုပေးဝေနိုင်စေရန် ဆောင်ရွက်နေကြောင်း သိရသည်။

"ရေလှောင်တမံကို ပြုပြင်ပေးနေတာဆိုရင် ဆည်ရေသောက်စနစ် ပိုမိုပေးနိုင်ဖို့နဲ့ တမံကြံ့ခိုင်မှုတွေရှိဖို့အတွက် ပြုပြင်ပေးနေတာပါ။ အဲဒီဧရိယာမှာ အခုလက်ရှိ ဆည်ရေသောက်အနေနဲ့ စိုက်ပျိုးနိုင်တာဆိုရင် ဧကပေါင်း ၅၇၅၅ ဧကပဲ စိုက်ပျိုးနေရတာပါ။ ဆည်ကို အဆင့်မြှင့်တင်ပြီးသွားရင်တော့ ယခင်ရှိပြီးသားဧက ၆၅၀၀ အထိ စိုက်ပျိုးသွားနိုင်မှာ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်မှု တူးမြောင်းတွေ၊ တံတားတွေပါ ပြုပြင်ပေးတဲ့အတွက်ကြောင့် လယ်ယာထွက်ကုန်များ ပို့ဆောင်မှုတွေ ပိုမိုမြန်ဆန်လာမှာပါ။ ဒ့ါပြင်သီးထပ်၊ သီးညှပ်တွေလည်း ပိုမိုစိုက်ပျိုးလာနိုင်မှာပါ။ မျိုးကောင်းမျိုးသန့်တွေကိုလည်း စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးနိုင်မှာပါ။ လက်ရှိအချိန်ထိ လုပ်ငန်းတစ်ခုလုံး ဆောင်ရွက်ပြီးစီးမှုဟာဆိုရင် ၇၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ။ လက်ရှိ ပြုပြင်နေရင်းနဲ့လည်း စိုက်ပျိုးရေတွေကို ပေးဝေနေပါတယ်။ တောင်သူတွေရဲ့ စိုက်ပျိုးဧက အပြည့်အဝကိုရေပေးနိုင်ဖို့အတွက် လာမယ့် ၂၀၂၀ မှာ အပြီး လုပ်ဆောင်ပေးသွားမှာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ ရေလှောင်တမံကို ပြုပြင်ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် တောင်သူများအတွက် စိုက်ပျိုးရေပေးဝေရာတွင် လေလွင့်ဆုံးရှုံးမှု နည်းပါးသွားမည်ဖြစ်သည့်အပြင် တောင်သူများ၏ စိုက်ကွင်းအတွင်းသို့ ဆည်ရေများ ပေးဝေရာတွင်လည်း မြောင်းဆုံးမြောင်းဖျားအထိ ရေရောက်ရှိစေမည့် အကျိုးကျေးဇူးများလည်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# မိုးကောင်းမြို့၌ လတ်တလောဖြစ်ပွားနေသည့် ရာသီတုပ်ကွေးရောဂါလူနာများကို အခမဲ့ကုသပေး

**မိုးကောင်း ဇူလိုင် ၁၁**

ကချင်ပြည်နယ် မိုးကောင်းမြို့တွင် လတ်တလောဖြစ်ပွားနေသည့် ရာသီတုပ်ကွေးရောဂါလူနာများကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ် (၁) တပ်မတော်ဆေးရုံ နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် မိုးကောင်းမြို့ ပရဟိတအဖွဲ့နှင့် ဆရာဝန်များအဖွဲ့ ပူးပေါင်းကာ ယမန်နေ့မှ စတင်၍ အခမဲ့ဆေးကုသပေးလျက်ရှိသည်။




ရာသီတုပ်ကွေးရောဂါ လူနာများအား ဆေးဝါးကုသပေးစဉ်။

မိုးကောင်းမြို့တွင် ဇွန်လနောက်ဆုံးပတ်မှစ၍ လတ်တလောဖြစ်ပေါ်နေသည့် တုပ်ကွေးရောဂါလက္ခဏာမှာ တစ်ကိုယ်လုံး အနီရောင်အဖုများထွက်ပေါ်နေခြင်း၊ ကိုယ်ပူရှိန်မြင့်တက်၍ အဖျားမကျခြင်း၊ အဖျားတာရှည်ခြင်း၊ အဆစ်အမျက်ကိုက်ခဲ၍ ရောင်ရမ်းခြင်းများ ဖြစ်ပေါ်လျက်ရှိရာ မြို့ပေါ်ရှိ ပုဂ္ဂလိကပိုင်ဆေးခန်းများတွင် နံနက်လင်းချိန်မှ ညအချိန်အထိ ကုသနေသည့် လူနာများမှာ နေ့စဉ် လူဦးရေ ၅၀၀ နှင့် ၁၀၀၀ ကြားတွင် ရှိနေကြောင်း သိရသည်။

အဆိုပါ ရောဂါလက္ခဏာမှာ ဆင်တုပ်ကွေးရောဂါနှင့် ဆင်တူနေခြင်းကြောင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ရောဂါဖြစ်ပွားသူ၏ သွေးနမူနာကို သွေးစစ်ဌာနသို့ ပေးပို့စမ်းသပ်ထားရှိပြီး အခမဲ့ဆေးကုသခြင်းကို ဇူလိုင် ၁၀ ရက်မှ ၁၄ ရက်အထိ မိုးကောင်းမြို့တော်ခန်းမတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ် (၁) တပ်မတော်ဆေးရုံ နယ်လှည့်ဆေးကုသရေးအဖွဲ့မှလည်းကောင်း၊ ဈေးကုန်းရပ်ကွက်ရှိ သာသနာ့ဗိမာန်တော်ကြီးတွင် ဇူလိုင် ၁၀ ရက်မှ ၂၃ ရက်အထိ မိုးကောင်းပရဟိတအဖွဲ့နှင့် မြို့နယ်ဆရာဝန်များအဖွဲ့တို့မှ ပူးပေါင်းကုသပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# တနိုင်းမြို့၌ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်

**တနိုင်း ဇူလိုင် ၁၁**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ဒူးကောင်းရပ်ကွက် လီဒိုလမ်းမကြီးဘေး ရေစီးရေလာကောင်းမွန်ရေးအတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနောင်နဂျာတန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်နှင့် တာဝန်ရှိသူများပူးပေါင်း၍ ရေနုတ်မြောင်းအတွင်း အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေမြောင်းတူးဖော်ခြင်းများကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြသည်။

တနိုင်းမြို့ ဒူးကောင်းရပ်ကွက်လမ်းများသည် ရေမြောင်းများ ပိတ်ဆို့နေမှုကြောင့် နှစ်စဉ် မိုးရာသီရောက်တိုင်း ရေကြီးရေလျှံဖြစ်လေ့ရှိသဖြင့် ရပ်ကွက်၏ အဓိကရေထွက်ပေါက်ဖြစ်သော ရေမြောင်းများကို ဘက်ဟိုးဖြင့် တူးဖော်ပေးနေခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



တနိုင်းမြို့၌ ရေနုတ်မြောင်းများ တူးဖော်နေစဉ်။

**မြို့နယ်(ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၁-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၆၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၃၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၆၆၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၁၅ ကျပ် | ၉၃၅/၉၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၂၅ ကျပ် | ၉၅၀/၉၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၀၅ ကျပ် | ၈၄၅/၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၉၅ ကျပ် | ၉၅၀/၉၆၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၄ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၅ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၉၅ ・ ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၉・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၅ ・ ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၀ ・ ၂၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၁၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ ・ ၈၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ ・ ၄၈ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၄၀၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

**မြန်မာ့အလင်း**

| | | |
